ရှေ့မှန်
The Mirror
၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (19-7-2007) (၅၃၈၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံစတင်သည့်မှ နောက်ဆုံးအချိန်အထိ ချမှတ်ခဲ့တဲ့အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ခဲ့ကြတာဖြစ်

ယခုတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်ဖြစ်တာနဲ့အညီ ချမှတ်ခဲ့တဲ့အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ရှေ့နောက်ညီညွတ်ဆီလျော်အောင် အစအဆုံး ပြန်လည်သုံးသပ်ကြဖို့လို

ရန်ကုန် ဇူလိုင် ၁၈

ယနေ့ ပြန်လည်စတင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်ပါသော အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ကူးပြောင်းတည်ဆောက်ရမယ့် စနစ်ပြောင်း ခေတ်ပြောင်း တာဝန်ကြီးကို ညင်သာချောမွေ့စွာ ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဆုံးနဲ့ အရေးအကြီးဆုံးအဆင့်ဖြစ်တဲ့ **“၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း”**ဆိုတဲ့ လမ်းစဉ်တစ်ရပ်မှာ အင်တိုက်အားတိုက်၊ တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ယခုလို စုံစုံညီညီ ပြန်လည်တွေ့ဆုံရတဲ့အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ပါကြောင်း ပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၇-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲများ တိုးတက်ထုတ်လုပ်ရောင်းချ

မြန်မာနိုင်ငံတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ နှစ်စဉ်ကျင်းပ၍ ကျောက်စိမ်းအပါအဝင် ပတ္တမြား၊ နီလာ၊ ပုလဲ စသည်တို့ကို ရောင်းချလျက်ရှိသည်။ မြန်မာ့ကျောက်စိမ်းသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များ အရောင်းသွက်သည့် ရတနာဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး ကျင်းပသော ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ဇူလိုင်လ ၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ အဆိုပါ အထူးရောင်းချပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်ပေါင်း လေးထောင်ကျော် လာရောက်ခဲ့ရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲပေါင်း ၄၆၆၅ တွဲ ရောင်းချခဲ့ရသည်။

ယနေ့အချိန်အခါတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ ပြည်ပဝယ်လိုအားလည်း များပြားလာသည်ကို တွေ့ရသည်။ ကျောက်မျက်ရတနာများသည် နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ်သယံဇာတများဖြစ်ရာ ကျောက်မျက်တူးဖော် ရောင်းဝယ်နေသူများအနေဖြင့် နိုင်ငံနှင့်မိမိတို့ အကျိုးစီးပွားမျှတစွာဖြစ်ထွန်းရေး စနစ်တကျ လုပ်ကိုင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်မတ်လ၌ ပုံမှန်ကျင်းပလျက်ရှိသည့်အပြင် နှစ်လယ် ကျောက်မျက်ရတနာပြပွဲများနှင့် အထူးရောင်းချပွဲများကိုလည်း စီစဉ် ခင်းကျင်းပေးလျက်ရှိသည်။ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများ နှစ်စဉ်တိုးတက်ပြသရောင်းချလာကြပြီး ရတနာကုန်သည်များလည်း ပိုမိုလာရောက်ဝယ်ယူနေကြသည်ကို တွေ့ရသည်။

အရည်အသွေးကောင်းပြီး ဈေးကွက်ရှိနေသည့် မြန်မာ့ကျောက်မျက်ရတနာ တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းသည် အရှိန်အဟုန်ရလျက်ရှိရာ ကျောက်မျက် တူးဖော်ထုတ်လုပ်သူများ၊ ရတနာလုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်ရတနာဥပဒေ စည်းကမ်းများနှင့်အညီ တိုးတက်ထုတ်လုပ်ရောင်းဝယ် လုပ်ကိုင်ကြခြင်းဖြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။ ။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်း မိုးရွာသွန်းမှု များပြားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် မေလနှင့်ဇွန်လတို့တွင် ဖြစ်ပွားမှုများပြားလာသည့်အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များက ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နှီးနွှယ်သောဌာနများဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စသည်တို့ အပါအဝင် လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက အသိရှိရှိဖြင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး စာစောင်များကို ပေးအပ်ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းအတွင်း မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများ၊မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ အပါအဝင် တစ်မြို့နယ်လျှင် ငါးဦးစီဖြင့် သင်တန်းသား ၂၂၅ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထန်းတပင်ကျောင်းဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်း စဉ့်ငူရပ်ကွက် ထန်းတပင်ကျောင်းတိုက်၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရနှင့် ဘဒ္ဒန္တဥက္ကံသတို့အမှူးပြုသော ကျောင်းတိုက်ရှိ သံဃာတော်များအား ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ ရက်) တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး အလှူရှင် ဦးညို-ဒေါ်စိန်သန်း (ကျောက်တန်း၊ ပါဒကြီး)မိသားစုက နေ့ဆွမ်းဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ အလှူငွေနှင့်သင်္ကန်းများ လှူဒါန်းလိုပါက ထန်းတပင်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ကုန်းလမ်းနေ ဒေါက်တာဇော်ဦးဆွေ- ဒေါက်တာခင်လေးညီ၊ သား ရဲထက်ဦး မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ(ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

သိမ်ကုန်းကျောင်းတိုက်ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာရှိ သိမ်ကုန်းကျောင်းတိုက်၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရဓမ္မာစရိယ၊မဟာဝိဇ္ဇာ၊ ကိုလံဘို)အမှူးပြုသော ကျောင်းတိုက်ရှိ သံဃာတော်များအား ဒုတိယ ဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး အလှူရှင် ဦးကြည်ဝမ်-ဒေါ်သန်းညွန့်(မြိတ်)မိသားစုက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အလှူငွေနှင့်သင်္ကန်းများ ထည့်ဝင်လှူဒါန်းလိုပါက သိမ်ကုန်းကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မုံရွာ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာ ဂေါက်ကလပ်တို့ကကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ပံ့ပိုးပေးသော MONYWA AMATEUR OPEN ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အတန်းသုံးတန်းခွဲ၍ ရွှေအဆင့်၊ ငွေအဆင့်နှင့် ကြေးအဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများသည် ဇူလိုင် ၂၆ ရက် နောက်ဆုံးထား၍ ဦးထွန်းရှင် (အတွင်းရေးမှူး) ဖုန်း-၀၉-၂၁၃၀၄၀၁၊ ဗိုလ်မှူးမျိုးဟန် ဖုန်း-၀၉-၂၁၃၀၃၄၅နှင့် မုံရွာဂေါက်ကလပ် ဖုန်း-၀၇၁-၂၁၅၅၀တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၁၄ ရက်က ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိသားစုရပ်ကွက်နှင့် ရဲရိပ်သာရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (က-ပ)

အမျိုးသားညီလာခံ အစုအဖွဲ့များ၏ အစည်းအဝေးများကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၂)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခ) ဦးမန်းမျိုးညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၄) ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၃ဦးရှိပြီး အစည်းအဝေးသို့ ၁၂ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၃၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်နေရာ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုးရွေးချယ်ရေးအတွက် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းက အဆိုတင်သွင်းပြီး ရွှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက ထောက်ခံသည်။

ထို့နောက် အလှည့်ကျသဘာပတိက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်နေရာတွင် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲက ရွေးချယ်ခံရကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၂ နာရီ မိနစ် ၅၀တွင် ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၉) ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၆ဦးတို့ရှိပြီး ၁၀၅ဦးတက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၆ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်နေရာ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုး ရွေးချယ်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ကြည်သိန်းက အဆိုတင်သွင်းပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး မြင့်အုန်းက ထောက်ခံသည်။

ထို့နောက် အလှည့်ကျသဘာပတိက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်နေရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းက ရွေးချယ်ခံရကြောင်း ကြေညာသည်။ ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၇)၌ကျင်းပရာ အလှည့်ကျသဘာပတိ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံမောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၉၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဇော်မင်းမင်းဦး၊ ဝင့်မွန်ထွန်း၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ အောင်ခြိမ့်မိုး၊ တက္ကသိုလ်ဝင်းမြင့်၊ မောင်မောင်(ရာမည)၊ ညောင်ရွှေခင်မောင်မြ၊ ကြည်မျိုးထက် (ဒိုက်ဦး)၊ အသုတ် မောင်ဝင်းရောင်၊ ညိုလွှမ်းအောင်၊ ပုဏ္ဏဝတီတင့်နှောင်း၊ ရွှေအဲ့လေးငယ်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ဇင်မင်း (သမိန်ထော)၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ လယ်တွင်းသားစောချစ်၊ လှိုင်မြင့်ဦး၊ ဦးစံတင်အောင်(ရွှေဘို)၊ သမီးတင့်တယ်၊ သက်ဦးနိုင်(မြဝတီ)၊ တင်အောင်သွင်၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ခင်ဇေ (စက်မှု)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မောင်ကြော့ဝေတို့၏ ဆောင်းပါးများ။ ပြေအေး(မြင်းမူ)၊ သူရိန်ဝင်း(ဓနုကုန်း)၊ ကိုသက်(ဓနုကုန်း)၊ ခင်မောင်အေး (မန္တလေး)၊ ခမ်းစုဝင်းကြည် (သီပေါ)၊ ထွန်းထွန်း(သာယာဝတီ)၊မောင်ခက်ကျူ (ရွှေစကု)၊ ဒေါ်မိမိလေး-မြန်မာစာ ပါမောက္ခ(ငြိမ်း) (မန္တလေးတက္ကသိုလ်)၊ ဦးဗကလေး၊ စိုးညွန့်ဝေ(လှိုင်ကော်)၊ တင့်ထွန်း(ချောက်)၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ဆုအဲကို၊ တက္ကသိုလ် မောင်သုလှိုင်တို့၏ ဝတ္ထုတို ဝတ္ထုရှည်များ၊ ကာတွန်းများအပြင် စာအုပ်စင် ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသား ကဏ္ဍ၊ ပုံပြင်များ၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂)ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း- ၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများ တွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

အောင်စကြာဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာ တိုက်ကျောင်း ဦးစီးပဓာန နာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်း ဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှစ၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်း၌ ဝိပဿနာတရားတော်များ ဟောကြားပြသတော်မူမည်ဟု သိရသည်။ (က-ပ)

လှော်ကားဥယျာဉ် အာဇာနည်နေ့နှင့် ဝါဆိုလပြည့်နေ့ ဖွင့်ထားမည်

ရန်ကုန် ဇူလိုင် ၁၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ဇူလိုင် ၁၉ရက်(အာဇာနည်နေ့)နှင့် ဇူလိုင် ၂၉ရက်(ဝါဆိုလပြည့်နေ့) များတွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းကကြီးမှူး၍ စီးပွားရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)တွင် ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ၌ ကျင်းပမည်ဖြစ်ရာ Inflation in Transitional Economy ခေါင်းစဉ်ဖြင့် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးမြတ်သိန်းက ဟောပြောမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၃၅** ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၅၀** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြင်မြင်ချင်းပဲကွယ် (အပိုင်း-၁၃)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သိုင်းလောကမုန်တိုင်း(ဒုတိယတွဲ) (အပိုင်း-၁၆)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ကမ္ဘာ့ရေနံကောင်းဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေး အင်ဒိုနီးရှားနှင့် ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇူလိုင် ၁၇

အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာ့ရေနံကောင်း ဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် ရေနံကောင်း ထုတ်လုပ်မှု အများဆုံး နိုင်ငံများတွင် ပါဝင်သည်။

ရေနံကောင်း အရည်အသွေး ထိန်းသိမ်းရေးနှင့် ရေနံကောင်း ဈေးကွက်ဆိုင်ရာ စာရင်းအင်း ကိန်းဂဏန်းများ ပြုစုရေးလုပ်ငန်းတို့အတွက် ပူးတွဲကော်မတီတစ်ရပ်ကို ထူထောင်သွားရန် ယင်းနှစ်နိုင်ငံရှိ ရေနံကောင်း ထုတ်လုပ်သော ကုမ္ပဏီများက သဘောတူညီကြောင်း အင်ဒိုနီးရှား ရေနံကောင်းတင်ပို့သူများအသင်း ဒုတိယဥက္ကဋ္ဌ ဝိဂျေယာက ပြောကြားသည်။

အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည်ကမ္ဘာ့ရေနံကောင်းဝယ်လိုအား၏ ၄၅ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်ပေးနေကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ဘရာဇီး၌ လေယာဉ်ပျက်ကျ၊ လူ ၂၀၀ခန့် သေဆုံးဖွယ်ရှိ

ဆော်ပေါ်လို ဇူလိုင် ၁၈

ဘရာဇီးနိုင်ငံ၏ လေယာဉ်အသွားအလာအရှုပ်ထွေးဆုံး ဆော်ပေါ်လိုလေဆိပ်တွင် ခရီးသည်တင်လေယာဉ်တစ်စင်း ပေါက်ကွဲမီးလောင်ခဲ့ရာ ခရီးသည်၊ လေယာဉ်ဝန်ထမ်းနှင့် မြေပြင်ပေါ်ရှိ လူ၂၀၀ခန့် သေဆုံးဖွယ်ရှိကြောင်း သတင်းများက ဖော်ပြသည်။ ပျက်စီးသွားသောလေယာဉ်သည် ဘရာဇီးလေကြောင်းလိုင်းတမ်(TAM)က ပိုင်ဆိုင်သော အေ ၃၂၀ အဲဘတ်စ်လေယာဉ်အမျိုးအစား ဖြစ်သည်။ ထိုလေယာဉ်သည် စွတ်စိုနေသောကွင်းသို့အဆင်း၌ ပြေးလမ်းအဆုံးမှ ချော်ထွက်ကာ မလှမ်းမကမ်းရှိ ဓာတ်ဆီနှင့် ပစ္စည်းသိုလှောင်ရုံကို ဝင်တိုက်ပြီးနောက် မီးလောင်ပေါက်ကွဲသွားခြင်းဖြစ်သည်။

ထိုလေယာဉ်သည် နိုင်ငံတောင်ပိုင်း ပေါ်တိုအယ်ဂရီမြို့မှ ဘဏ္ဍာရေးမြို့တော် ဆော်ပေါ်လိုသို့ ခရီးသည် ၁၈၆ဦးကိုတင်ဆောင်ကာ ပျံသန်းစဉ် ယခုကဲ့သို့ ဖြစ်ပွားခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံ လေယာဉ်တစ်စင်းသည် ၂၀၀၆ခုနှစ်အတွင်းက ခရီးသည် ၁၅၄ဦးနှင့်အတူ အမေဇုန်တောအတွင်း ပျက်ကျပြီး ခရီးသည်အားလုံး အသက်ဆုံးခဲ့ရသည်။ ထိုအချိန်မှစ၍ ဘရာဇီးလေကြောင်း ပျံသန်းရေးလုပ်ငန်းတွင် လုံခြုံရေးပြဿနာ ပေါ်ပေါက်လျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်သွားသောနေရာကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲ၊ ၈၅ ဦး သေဆုံး

ကယ်ကွတ် ဇူလိုင် ၁၇

အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်မြို့တွင် တနင်္လာနေ့က ကားဗုံးပေါက်ကွဲမှုများကြောင့် ၈၅ ဦးထက်မနည်း သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

ရေနံမြေတည်ရှိရာ ကယ်ကွတ်မြို့တွင် ကာဒစ္စတန်မျိုးချစ်သမဂ္ဂအမည်ရှိ ပါတီ၏ ရုံးခန်းကို ပစ်မှတ်ထားကာ ကားဗုံးခွဲ တိုက်ခိုက်ခဲ့သည်။ အဆိုပါ ပါတီမှာ အီရတ်သမ္မတ ဂျလားတာလာဘန်နီ၏ ပါတီဖြစ်သည်။

ယမ်းများ အပြည့်အသိပ်တင်ဆောင်လာသော ကားတစ်စီးသည် ပါတီရုံး၏ လုံခြုံရေးအကာအရံများကို အတင်းမောင်းဝင်ကျော်ဖြတ်ကာ ဖောက်ခွဲခဲ့ရာ ၁၈၅ဦးထက်မနည်း ဒဏ်ရာရရှိသည်။ ဒဏ်ရာရသူများတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ပြီး အများစုမှာ ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ကယ်ကွတ်ရဲတပ်ဖွဲ့မှ ရဲမှူး ဘာဟန်ဟာဘစ်တေယစ်က ပြောကြားသည်။

ပြိုကျ

ကာဒစ္စတန်မျိုးချစ်သမဂ္ဂ ပါတီရုံးအနီးရှိ အဆောက်အအုံ အများအပြား ပြိုကျခဲ့သည်။ ယင်းပါတီရုံးအနီးတွင် နောက်ထပ်ကားဗုံးနှစ်လုံး ပေါက်ကွဲခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ၌ ရေကြီး

အစ္စလမ္မာဘတ် ဇူလိုင် ၁၇

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်နှင့် ဘလူချီစတန်ပြည်နယ်တို့၌ ရေကြီးမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၈၀ သေဆုံးပြီး ၁၈၆ ဦး ပျောက်ဆုံးနေကြောင်း ပါကစ္စတန်အစိုးရက ဇူလိုင် ၁၃ ရက်နေ့တွင် ပြောကြားသည်။

ထိုရေကြီးမှုကြောင့် အရှေ့တောင်ဘက် ဘလူချီစတန်ပြည်နယ်မှ ၁၆၀ နှင့် တောင်ဘက် ဆင်းပြည်နယ်မှ ၁၂၀ သေဆုံးခဲ့ကြောင်း အမျိုးသားဒုက္ခသည်ကယ်တင်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဖာရူအာမတ်ခမ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ဝါဇီရစ္စတန်ဒေသ၌ လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေး အိန္ဒိယစီစဉ်

နယူးဒေလီ ဇူလိုင် ၁၇

အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီး ပူနွေးမှု၏ ဆိုးကျိုးသက်ရောက်မှုများ လျှော့ချနိုင်ရန်နှင့် မှန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုအခြေအနေကို သုံးသပ်နိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်သစ်တစ်ရပ်ကို ရေးဆွဲမည်ဖြစ်ကြောင်း တနင်္လာနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ဒီဇင်ဘာတွင် ကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ညီလာခံမတိုင်မီ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအစဉ်ကို ရေးဆွဲနိုင်ရန် ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အစိုးရအဖွဲ့က ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပြဿနာများ ကိုင်တွယ်ဆောင်ရွက်ရေး ကောင်စီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းကောင်စီသည် သောကြာနေ့က ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပခဲ့သည်။ သို့ရာတွင် မှန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး လျာထားချက်များကို သတ်မှတ်ခြင်း မရှိသေးပေ။ အိန္ဒိယနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း စီးပွားရေးတိုးတက်နှုန်း နှစ်စဉ် ရှစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ မှန်လုံအိမ် အာနိသင်ဓာတ်ငွေ့၏ လေးရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံက ထုတ်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဗြိတိသျှတပ်ဖွဲ့ဝင်များ သေဆုံးမှုနှုန်း အမေရိကန်တပ်ဖွဲ့ထက် များပြား

လန်ဒန် ဇူလိုင် ၁၇

အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုနှုန်းထားသည် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှုန်းထက် ပိုမိုများပြားနေကြောင်း သည်ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက ရေးသားသည်။

အီရတ်နိုင်ငံတောင်ပိုင်းဒေသရှိ ဘာဆာရာမြို့တွင် တိုက်ခိုက်မှုများ မြင့်မားလာခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုနှုန်းသည် အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံးမှုနှုန်းထက် သာလွန်နေကြောင်း၊ ဗြိတိသျှ အစိုးရက အီရတ်မှ ယင်း၏ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းစေမည့် အချိန်ဇယားကို မြန်မြန်ဆန်ဆန် သတ်မှတ်ပေးရန် တောင်းဆိုလာသည့်အခြေသို့ ဆိုက်ရောက်စေခဲ့ကြောင်း သတင်းစာက ရေးသားသည်။

အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၅၅၀၀ ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ဇွန် ၂၄ ရက်အထိ ၂၃ ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၆၅၀၀၀ မှ ယင်းအလားတူကာလတွင် ၄၆ ဦး သေဆုံးခဲ့သည်ဟု တော်ဝင်စာရင်းအင်းဌာန၏ ဒုတိယဥက္ကဋ္ဌ ရှီလာဘာ့ဒ်၏ လေ့လာချက်အရ သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်နိုင်ငံမြောက်ပိုင်း ကာရှိဝါဇာကီ အရပ်၌ မြေငလျင်လှုပ်ပြီးနောက် ပြိုကျသွားသောအဆောက်အအုံအချို့ကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံ သံတမန်များ တက်ရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Hul Phany ဦးဆောင်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပြင်သစ်သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆာဗီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံများ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့သည် ယနေ့နံနက် ၉နာရီတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမသို့ ရောက်ရှိကြပြီး အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များ တက်ရောက်မှု၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အခမ်းအနားပြင်ဆင်ထားရှိမှုနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပပုံများကို တက်ရောက်၍ လေ့လာကြသည်။

ယင်းနောက် သံတမန်များသည် အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအတွင်းရှိ ညီလာခံကိုယ်စားလှယ်များ၏ အဆောင်များ၊ အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များ၊ စာအုပ်ဆိုင်များ၊ ဆေးရုံနှင့် အားကစားလေ့ကျင့်ရုံတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအတွင်းရှိ အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဒဂုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးနှိမ်နင်းရေး ဆင့်ပွားသင်တန်းကို ဇူလိုင် ၁၈ ရက်က အလက(၂)ဒဂုံ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့် အမှာစကားပြောကြားစဉ်။

(ပညာရေး)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် မောင်ဥသြ၊ တက္ကသိုလ်ရည်ရွှယ်၊ သတိုးနွယ်၊ အောင်ထွန်းလင်း(ချောက်)၊ ခြိမ့်နိုင်၊ မြေလတ်မောင်မြင့်သူ၊ နှင်းသစ္စာကျော်(ပညာလေ့ကျင့်)၊ ဝတီအေးသန်းတို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မင်းယုဝေ၊ တက္ကသိုလ်သခ်၊ မောင်ပညာကျော်၊ မောင်ကွန်ပျူတာ၊ သိပ္ပံစိုးမြင့်နိုင်၊ ဦးကျော်(ပြည်ထဲရေး)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မြင့်မား (ရန်ကုန်တက္ကသိုလ်)၊ ညွန့်ဟံ(ကြူတော)၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ ရွှေဘိုဘာမထီခင်အောင်၊ ခင်ဇေ(စက်မှု)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ သုတဆောင်းပါးများ၊ တက္ကသိုလ်လုကြွယ်၊ လေးဝတီကျော်တို့၏ ဘာသာပြန်ဆောင်းပါးများ၊ မောင်စိန်နိုင်(ဓာတုဗေဒ)နှင့် ကြည်လင်း(ဆေး)တို့၏ ကျန်းမာရေး ဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၊ နန္ဒာမိုးကြယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အောင်စိုး(တိ/ကုဆရာဝန်) အမျိုးသားစာပေဆုရ၊ စိမ်းမြရည်(ပြန်/ဆက်)၊ကေတုနီလာ၊ နေမျိုးသန့်၊ ရဲတင့်(အမေ့ရွာ-တောင်တွင်းကြီး)၊ ဂီတစာဆိုမောင်မျိုးသူ၊ အိသျှ(တိုင်းရင်းဆေး)၊ ဝင်းမြအောင်(မြိတ်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ ရသဝတ္ထုတိုများ၊ မောင်စိန်တင်၏ ဂန္ထဝင်စာပေကဏ္ဍ၊ ဗိုလ်လောင်းလွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်)၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ (B.A.B.L) တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ တင်အောင်နီ၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ ငွေကြည်၊ မြဇာ၊ မောင်မောင်ညှပ်တို့၏ ကာတွန်းကဏ္ဍများနှင့် ဟာသကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများပေးပို့လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့နိုင်သည်။ (သတင်းစဉ်)

NLD ပါတီ၏လုပ်ဆောင်ချက်များအပေါ် ယုံကြည်သက်ဝင်မှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင်(၅)ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပုဂံပုံကျေးရွာနေ ဦးမြစံ၊ ဦးအေးလွင်၊ ဦးဖိုးစိုး၊ မြတ်သာရွာမကျေးရွာနေ ဦးစိန်မြင့်ဋ္ဌေးနှင့် ဦးစန်းတင့်တို့သည် ဇူလိုင် ၉ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ NLD ပါတီ၏ လုပ်ဆောင်ချက်များအပေါ် ယုံကြည်သက်ဝင်မှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရွှေညီလာတမ်းချင်း

❒ မိုးဝသန်ခါ၊ ဆင်တာရာနှင့်
ပုန်းညက်ပွင့်စို၊ လဝါဆိုတွင်
ညောင်နှစ်ပင်မည်၊ သည်ဌာနီမှာ
တနင်္သာရီ၊ တောင်ဖျားဆီမှ
မြောက်ပြည်နှင်းစို၊ ခါကဘိုရာ
တောင်သေလာထိ၊ ရောချင်းတွင်း
စီးဆင်းပူးပေါင်း၊ စစ်တောင်းသံလွင်
တစ်ပြည်တွင်ဖွား၊ သွေးသားရင်းချာ
မြန်မာမျိုးတို့ ဆုံတော့မည်။

❒ အခြားဖိတ်ကြား၊ တိုင်းရင်းသားနှင့်
အလုပ်သမားလယ်သမား၊ ဝန်ထမ်းများမကျန်
ရွေးချယ်ခံသည်၊ တတ်သိပညာရှင်
ညီလာကိုယ်စားလှယ်၊ အသွယ်သွယ်တို့
ဖလှယ်ခါခါ၊ ကြာကြာရှည်ရှည်
ကျေကျေညက်ညက်၊ ရှေ့ဆက်သွားရာ
မူဝါဒလမ်းစဉ်၊ အောင်မြင်စေရေး
ဦးစားပေးကာ၊ ရွှေညီလာတွင်
တိုင်ပင်ဆွေးနွေး နေရော့မည်။

❒ သည်ရေသည်မြေ၊ ဒို့မျိုးဆွေနှင့်
သည်မြေနယ်ဖွား၊ ဒို့သွေးသားတို့
စိတ်ထားတူညီ၊ ကြည်ဖြူလက်တွဲ
စဉ်မြဲလေးထား၊ ရေကိုသားလည်း
အကြားမထင်၊ ပြည်ခွင်တိုင်းကျိုး
သယ်ပိုးကြမည်၊ တက်ညီလက်ညီ
တေးသံညီလျက်၊ ပြည်တွက်ပြည်ရေး
ဆွေးနွေးတိုင်ပင်၊ အောင်ပွဲဆင်ရာ
ရွှေညီလာကို လွမ်းတော့သည်။ ။

ပိုးရန်နိုင် (ကျောက်ကြီး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀ ၆။ တေးဂီတအစီအစဉ်
၅:၂၅ ၇။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၄၀ ၈။ သာစုခေါ်ဆိုဖွယ်ရာ အလင်းလူ့တော်မင်္ဂလာ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သီရိဂေဟာ
၇:၀၀ ၁၂။ Discovery
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဒုတိယအရွယ်၏ချစ်မေတ္တာ" (အပိုင်း-၄)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း-၂၁)**
၁၈။ **"ကြယ်စင်ပတ်လည်ဝန်းရံလျက်တည်သော အတိုင်းမသိရွှေပြည်" (အပိုင်း-၂) (ညွှန့်ဝင်း၊နေအောင်၊ဒွေး၊လွင်မိုး၊နန္ဒာလှိုင်၊အိန္ဒြာကျော်ဇင်၊မြင့်မြင့်နိုင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

အာဇာနည်ခေါင်းဆောင်များကို အလေးထားမြတ်နိုးကြပါလျှင်

ဇာနည်ဘွား

နိုင်ငံတိုင်း နိုင်ငံတိုင်း၊ လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိနိုင်ငံ မိမိလူမျိုးကို ချစ်မြတ်နိုးကြသူများချည်းသာ ဖြစ်ကြသည်။ မိမိနိုင်ငံကို ကျူးကျော်စွက်ဖက်သူများ၊ ဝင်ရောက်ခြယ်လှယ်သူများကို မျိုးချစ်စိတ်ဓာတ်ရှိသူ နိုင်ငံသားတိုင်းက တွန်းလှန်ချေမှုန်း ဖယ်ရှားကြမည် ဖြစ်သည်။ အမျိုးမချစ်၊ မျိုးမစစ်သည့် သူများကမူ အမေကျော် ဒွေးဘော်လွှမ်းပြီး သူခိုးဓားရိုးကမ်းကာ ပြည်ပကို အားကိုးကြပေလိမ့်မည်။ ကျူးကျော်စွက်ဖက်လိုသူများကို မျှော်ကိုးကြပေလိမ့်မည်။

မြန်မာနိုင်ငံသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်။ တိုင်းတစ်ပါးကျူးကျော်မှုကို လက်မခံကြသော မြန်မာတိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် ညီနောင်သွေးချင်းများက ကျူးကျော်စွက်ဖက်သူများကို လက်တွဲခုခံတိုက်ခိုက်ခဲ့သည့် သမိုင်းအစဉ်အလာများရှိခဲ့သည်။ ထိုပြောင်မြောက်ရဲစွမ်းသည့် သမိုင်းဖြစ်စဉ်သာဓကများကို ၁၈၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ-အင်္ဂလိပ် ပထမစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ-အင်္ဂလိပ် ဒုတိယစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ-အင်္ဂလိပ် တတိယစစ်ပွဲတို့တွင် တွေ့မြင်နိုင်ပါသည်။ ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင်လည်း မြန်မာတို့၏နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို မှတ်ကျောက်တင်နိုင်ခဲ့ပါသည်။

ဆက်လက်၍ မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်း အစဉ်အလာသည်လည်း တောက်ပြောင်ခဲ့သည်။ ဆုံးရှုံးသွားသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်တိုက်ယူခဲ့သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ လွတ်လပ်ရေးအတွက် ဝိုင်အမ်ဘီအေ(ခေါ်)ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ ဂျီစီဘီအေ(ခေါ်) မြန်မာအသင်းချုပ်ကြီး၊ ဒို့ဗမာ အစည်းအရုံး၊ ရဲဘော်သုံးကျိပ်၊ ဖတပလ၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ဗမာ့တပ်မတော်၊ ဖဆပလ စသည့် မျိုးချစ်ပြည်ချစ် အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူတို့အကြား အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ အရှိန်အဟုန်မြင့်မား တိုးပွားခဲ့သည်။

သမိုင်းကြောင်းအစဉ်အလာ ကြီးမားခဲ့သော မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးသဘောထားများ၊ အမြင်များ၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကား ရေးဖွဲ့၍ပင် ကုန်နိုင်ဖွယ် မရှိချေ။ မြန်မာပြည်သူလူထုကြီး၏ နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒသဘောထားအမြင်များနှင့် တစ်သဘောတည်း ထင်ဟပ်စေသည့် မြန်မာ့မျိုးချစ်အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတိတ်က စွမ်းဆောင်မှုများမှာလည်း မြန်မာ့သမိုင်းတွင် ကမ္ဗည်းမှတ်ကျောက် တင်ခဲ့ပြီးဖြစ်သည်။

ထိုသမိုင်းကြောင်းကောင်းသည့် အာဇာနည်ခေါင်းဆောင် များစွာရှိခဲ့သလို နယ်ချဲ့သမားနှင့် ပေါင်းဖက်မိပြီး မျိုးချစ်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့သော သမိုင်းဖြစ်ရပ်ဆိုး အကြောင်းကိုလည်း ပြည်သူအများ သိရှိပြီးဖြစ်သည့်တိုင် ပြန်ပြောင်းတင်ပြလိုပေသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ ယုတ်မာပက်စက်စွာ လုပ်ကြံခံရပြီး ကျဆုံးခဲ့ရသည်မှာ ယခု ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင် နှစ်ပေါင်း(၆၀)ပြည့် မြောက်ခဲ့ပေပြီ။

ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏တော်တည့်၊ ဖြောင့်မတ်၊ မှန်ကန်သော၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိသော၊ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော၊ ဖွဲ့လုံ့လရှိ၍ ဆင်းရဲအပင်ပန်းခံနိုင်သော၊ အနစ်နာခံနိုင်သော စသည့်ဂုဏ်ပုဒ်များနှင့်ပြည့်စုံသည့် ထူးခြားသောသတ္တိ၊ စွမ်းအင်တို့သည် ချီးကျူး၍မကုန် ဂုဏ်ယူ၍ မဆုံးရှိချေသည်။

ဤသို့ အရည်အချင်းနှင့်ပြည့်ဝသည့် အာဇာနည်ခေါင်းဆောင်ကြီးများ ဆုံးရှုံးရသောအခါ ပြည်သူတို့ရင်ဝယ် ကြိမ်မီးအုံးသကဲ့သို့ ယူကျုံးမရ တသသခံစားရသည်။ လုပ်ရက်လေခြင်း၊ ရက်စက်လေခြင်းဟု အမျက်ဒေါသ ခြောင်းခြောင်းထွက်ကြသည်။ အာဇာနည်ခေါင်းဆောင်တို့ကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြသူတို့မှာ ဂဠုန်ဦးစောနှင့် အပေါင်းပါတို့ဖြစ်သည်ဟု ပြောကြမည်ဖြစ်သော်လည်း နောက်ကွယ်တွင် ပံ့ပိုးအားပေးနေသူများက ရှိနေလေသည်။ ဤအချက်မှန်ကန်ကြောင်း ခိုင်မာသော သမိုင်းဖြစ်ရပ် အထောက်အထားများလည်း ရှိသည်။

ဖက်ဆစ်တော်လှန်ရေးကြီးပြီးသည့်နောက် မြန်မာတစ်မျိုးသားလုံးသည် တော်လှန်ရေးအလံတော်အောက်တွင် စုစည်းမိခဲ့ကြသည်။ တော်လှန်ရေး၏ အဓိကပန်းတိုင်သည် နယ်ချဲ့ကို တိုက်ခိုက်ရန်မျှသာမဟုတ်၊ တစ်မျိုးသားလုံးစုစည်း၍ လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းနိုင်သည်အထိ ဆက်လက်ချီတက်သွားရန်လည်းဖြစ်သည်။

ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် စစ်ပြီးသည့်နောက် ရန်ကုန်သို့ပြန်လာသည်။ ဘုရင်ခံက ဗိုလ်ချုပ်တို့အဖွဲ့နှင့် လက်တွဲ၍ မြန်မာနိုင်ငံထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်သွားရန် စည်းရုံးခဲ့သည်။ ဘုရင်ခံနှင့်အတူ အိန္ဒိယမှပါလာသော ဆာပေါ်ထွန်း စသည့် နိုင်ငံရေးသမားများက ဗိုလ်ချုပ်အောင်ဆန်း၏ အရည်အချင်းကို ကောင်းစွာမသိ၊ ရာထူးပေးလျှင် ဗိုလ်ချုပ်ကလက်ခံမည်ဟုထင်သည်။ ရာထူးနှင့်ချော့မရလျှင် အာဏာနှင့်ခြောက်ရမည်ဟု ဆာဒေါ်မန်စမစ်ကို အကြံပေးသည်။

သို့သော် **ဗိုလ်ချုပ်က ရာထူးမမက်။ ဘုရင်ခံက ရာထူးဖြင့်မြူ၍ မရသောအခါ အကြံတစ်မျိုး ထုတ်ပြန်သည်။ ဥပဒေပြုကောင်စီတွင် အမှုဆောင်ဝန်ကြီးတစ်ဦးက ဗိုလ်ချုပ်သည် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ချီတက်စဉ်က စစ်မြေပြင်တွင် လူတစ်ဦးကို ကွပ်မျက်ပြီး တရားစီရင်ခဲ့သည်ဟု စွပ်စွဲသည်။ သို့သော်လည်း မအောင်မြင်ခဲ့။ ကြာသော် ဆာဒေါ်မန်စမစ်သည် နာမည်ခံဘုရင်ခံမျှသာ ဖြစ်လာသည်။ ထိုအခါ ဆာဒေါ်မန်စမစ်သည် ဗိုလ်ချုပ်ကို တပည့်မွေး၍ မရသောအခါ သူ့ဩဇာခံမည့် တပည့်တစ်ဦးကို ရှာတော့သည်။ ယူဂန္ဓာနိုင်ငံတွင် အကျယ်ချုပ်ပို့ထားသည့် ဦးစောအား ဘုရင်ခံဆာဒေါ်မန်စမစ်က ပြန်လည်ထုတ်ယူကာ မြန်မာ့နိုင်ငံရေး နယ်ပယ်တွင်းသို့ သွတ်သွင်းပေးခဲ့သည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် အရင်းရှင်နယ်ချဲ့တို့၏ ယုတ်မာညစ်ထေးမှုကို ကွက်ကွက်ကွင်းကွင်း သိလောက်ပေသည်။ ယခုလည်း ဤသို့ပင်ဖြစ်သည်။ စေ့စေ့တွေးလျှင် ရေးရေးပေါ်လာပေလိမ့်မည်။**

လန်ဒန်တွင် ဗိုလ်ချုပ်အောင်ဆန်းရှိစဉ် အောင်ဆန်းအက်တလီ စာချုပ် ချုပ်ဆိုပြီးနောက် ထိုအကြောင်းကို မြန်မာပြည်သူများ ဝမ်းသာအားရ ကြားသိစေရန် ဘီဘီစီအသံလွှင့်ဌာနမှတစ်ဆင့် အသံလွှင့်ရန် စီစဉ်ခဲ့သေးသည်။ သို့ရာတွင် ဗိုလ်ချုပ်အသံလွှင့်ရုံရောက်ခါမှ ဘီဘီစီက ကသိကအောက်ဖြစ်အောင် လုပ်ခဲ့သဖြင့် အသံလွှင့်အစီအစဉ် ဖျက်ခဲ့ရသည့် မမေ့နိုင်စရာဖြစ်ရပ် ကြုံခဲ့ဖူးသည်။

ထို့အပြင် လွတ်လပ်ရေးကြေညာပြီးလျှင် အင်္ဂလန်သို့ ပြန်ကြရမည့် အင်္ဂလိပ်အရာရှိကြီးများလည်း ရှိသေးသည်။ အချို့က စေတနာမမှန် ခြေရှုပ်လိုကြသည်။ အင်္ဂလန်သို့ပြန်ရန် စောင့်နေသော တပ်များတွင် နိုင်ငံရေးကစားလိုသော အင်္ဂလိပ်စစ်ဗိုလ် အချို့လည်းရှိသည်။ လွတ်လပ်ရေး နီးကပ်လာလေလေ ခြေရှုပ်လေလေ ဖြစ်လာသည်။ ထိုသူတို့မှာ ဦးစောထံ အဝင်အထွက် ရှိလာခဲ့သည်။ ရန်ကုန်တွင် ထိုအချိန်က ကောလာဟလများ ဖြစ်ပေါ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံရန် ကြံစည်နေကြသည်။ အင်္ဂလိပ်စစ်တပ်၏ လက်နက်တိုက်မှ လက်နက်အလက် ၂၀၀ ခိုးထုတ်သွားသည်။ သစ္စာဖောက်သူများကို နိုင်ငံခြားအဖွဲ့အစည်းများက ကူညီမည် စသည့် သတင်းများ ပေါ်ထွက်လာသည်။

ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် ဝန်ကြီးများ အစည်းအဝေးရှိသည်။ ထိုအစည်းအဝေးတွင် လက်နက်များ ခိုးထုတ်ခြင်းကိစ္စကို ဆွေးနွေးကြမည်။ သို့ရာတွင် ဆွေးနွေးဖို့အချိန် မရလိုက်။ ထိုနေ့နံနက် ၁၀နာရီ မိနစ် ၃၀ တွင်ပင် ဗိုလ်ချုပ်နှင့် ဝန်ကြီးများမှာ ဦးစောနှင့် အပေါင်းပါတို့၏ လက်ချက်ဖြင့် လုပ်ကြံခြင်း ခံလိုက်ကြရသည်။ ဤသို့ဖြင့် မျိုးချစ်ခေါင်းဆောင်များ ရေတိမ်နစ်ခဲ့ကြရသည်။ ရင်နာဖို့ကောင်းခဲ့ရသည်။ ဦးစောက သူ့အိမ်တွင် အောင်ပွဲခံသည်။ ဇူလိုင်လ ၁၉ ရက်နေ့ တစ်နံနက်လုံး ဘုရင်ခံထံမှ အစိုးရဖွဲ့ရန် ဖိတ်ကြားချက်ကို စောင့်မျှော်ခဲ့ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ဦးစောသည် ခြေရာမဖျောက်၊ သူ့လူများကိုမဖြန့်၊ ဣန္ဒြေရရစောင့်နေခဲ့သောကြောင့် ဖြစ်သည်။ သို့သော် ထိုနေ့ညနေ ၃ နာရီခန့်တွင် ဦးစောနှင့် အပေါင်းပါ လူသတ်သမားများမှာ သက်ဆိုင်ရာ၏ ဖမ်းဆီးခြင်းခံလိုက်ရသည်။

ဦးစောကိုယ်တိုင်ပင် သူ၏ မြောက်မြားစွာသော အင်္ဂလိပ်စစ်ဗိုလ် အသိမိတ်ဆွေများအနက်မှ မေဂျာယန်းဆိုသူအား လက်နက်များ ရယူလိုကြောင်းဆက်သွယ်ခဲ့သည်။ မေဂျာယန်းက လက်နက်အရာရှိ ကပ္ပတိန်ဗီဗီယန်းနှင့် တိုင်ပင်သည်။ ၁၉၄၇ ခုနှစ် မေလက ဦးစောနှင့် ဗီဗီယန်း လက်နက်ကိစ္စများ ဆွေးနွေးသည်။ ဇွန်လ ၂၄ ရက်နေ့တွင် ဗိုလ်တထောင် လက်နက်တိုက်မှ လက်နက်ခဲယမ်းများ ထုတ်ယူခဲ့သည်။ ထို့နောက် မေဂျာယန်းနှင့် ကပ္ပတိန်ဗီဗီယန်းတို့ကို ရုံးတင်တရားစွဲဆိုလိုက်သည်။

ထိုအခါမှသာ ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများသည် နယ်ချဲ့လက်ပါးစေ လူမသမာတစ်စုတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဘူးပေါ်သလိုပေါ်ခဲ့သည်။ အာဏာမက်မောသူသည် နယ်ချဲ့သမားတို့နှင့် ပေါင်းဖက်မိသောအခါ "သူတော်အချင်းချင်း သတင်းလွှေ့လွှေ့" ဆိုသကဲ့သို့ လုပ်ကြံမှုဖြစ်သည်အထိ ကြံစည်လာရခြင်းဖြစ်သည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့နည်းအောင် နည်းလမ်းမျိုးစုံသုံး၍ တစိုက်မတ်မတ် ကြိုးပမ်းခဲ့ကြသည်။ စည်းလုံးညီညွတ်မှုရှိနေလျှင်လည်း ပြိုကွဲအောင် ကြံဆောင်ကြသည်။ ပြည်တွင်းက ပုဆိန်ရိုးများကိုလည်း အားပေးအားမြှောက်လုပ်ပေးကြသည်။ ယနေ့မျက်မှောက်ကာလတွင်လည်း ဆက်လက်ကြိုးပမ်းနေကြဆဲဖြစ်သည်။ မမေ့မပျောက်ကောင်းသော အာဇာနည်နေ့အခမ်းအနားကိုပင် ခုတုံးလုပ်ကာ နိုင်ငံရေးအမြတ်ထုတ်ရန် လုပ်ဆောင်ကြသူများသည် နယ်ချဲ့က အားပေးသူများ၊ နယ်ချဲ့၏ လက်ဝေခံများပင် ဖြစ်သည်။

နိုင်ငံကို ချစ်သူတိုင်းသည် အာဇာနည်ခေါင်းဆောင်ကြီးများ မြင်လို **တွေ့လိုသော ညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေးကို အလေးထားကြရမည် ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်နေရမည်ဖြစ်သည်။ ပြည်ပကျူးကျော်စွက်ဖက်မှုကို ညီညီညွတ်ညွတ် ခုခံကာကွယ်ကြရမည် ဖြစ်သည်။ ပြည်ပသွေးထိုးသပ်လျှိုမှုကို ဂရုပြုကြရမည်ဖြစ်သည်။ ညီညွတ်ရေးကို အလေးဂရုပြုသော လူ့အဖွဲ့အစည်းတစ်ရပ်သည် သာယာစိုပြည်မည်၊ ရွှင်ပျချမ်းမြေ့မည်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမည်၊ တိုင်းပြည်အင်အား ပြည့်ဖြိုး၍ မည်သည့်ပြည်ပ ပယောဂကိုမဆို တုံ့ပြန်အနိုင်ယူနိုင်မည် ဖြစ်သည်။**

ညီညွတ်ရေးပြိုကွဲ၍ ဖရိုဖရဲဖြစ်လျှင်ကား တစ်ယောက်ကိုတစ်ယောက် မနာလိုဝန်တိုစိတ်အားကြီးလာမည်။ တစ်ဦးကောင်းစားသည်ကို တစ်ဦးက မရှုဆိတ် အတွင်းကျိတ် ထိုးနှက်မည်။ လောဘ၊ ဒေါသ၊ မောဟမီးများ ဖုံးလွှမ်းမည်။ မိမိအင်အားချည့်နဲ့လျှင် သူတစ်ပါးကို အားကိုးမည်။ ဖိတ်ခေါ်မိခိုမည်။ ပြည်ပအကူအညီကို လက်ကမ်း၍ လှမ်းလင့်မည်။ ဤသို့သော လူ့အဖွဲ့အစည်းတွင် ဆုတ်ယုတ်မှုများ ရှိလာမည်မှာ သေချာသည်။

ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးထား ချစ်မြတ်နိုးကြပါလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ၏တော်တည့်၊ ဖြောင့်မတ် မှန်ကန်သော၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိသော၊ မျိုးချစ် စိတ်ဓာတ်ပြင်းထန်သော၊ ဖွဲ့လုံ့လရှိ၍ ဆင်းရဲအပင်ပန်းခံနိုင်သော၊ အနစ်နာခံနိုင်သော စသည့်ဂုဏ်ပုဒ်များကို လေးစားအတုယူ ကြိုးပမ်းကြရမည်သာဖြစ်သည်။ သမိုင်းကပေးသော သင်ခန်းစာများကို ရယူ၍ နယ်ချဲ့၏ပရိယာယ်၊ နယ်ချဲ့၏သွေးထိုးသပ်လျှိုမှု၊ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများ၏ လုပ်ကြံမှုများကို သတိပြုကာကွယ် သွားကြရမည်သာ ဖြစ်သည်။

တိုင်းပြည် မတည်ငြိမ်အောင်၊ တိုင်းပြည် ယိုယွင်းပျက်ပြားအောင် လုပ်သူသည် အာဇာနည် ခေါင်းဆောင်ကြီးများ၏ ရန်သူ၊ တိုင်းသူပြည်သားတို့၏ ရန်သူသာ ဖြစ်ပေသည်။ နယ်ချဲ့ပရိယာယ်ကြောင့် ကျဆုံးခဲ့ရသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးထား မြတ်နိုးကြပါလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ ဖြစ်စေလိုသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးရေးတို့ကို ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်သည်။ ထို့အတူ တိုင်းပြည်ကို ထိခိုက်နစ်နာစေမည့် နယ်ချဲ့လက်သစ်နှင့် ပြည်တွင်းသစ္စာဖောက်ပုဆိန်ရိုးတို့၏ ပရိယာယ်အသွယ်သွယ်တို့ကို အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးသွားကြရမည်သာ ဖြစ်ပေသည်။ ။

> **နိုင်ငံကိုချစ်သူတိုင်းသည် အာဇာနည်ခေါင်းဆောင်ကြီးများ မြင်လို၊ တွေ့လိုသော ညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေးကို အလေးထားကြရမည်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်နေရမည်၊ ပြည်ပကျူးကျော်စွက်ဖက်မှုကို ညီညီညွတ်ညွတ် ခုခံကာကွယ် ကြရမည်၊ ပြည်ပသွေးထိုးသပ်လျှိုမှုကို ဂရုပြုကြရမည်။ ညီညွတ်ရေးကို အလေးဂရုပြုသော လူ့အဖွဲ့အစည်းတစ်ရပ်သည် သာယာစိုပြည်မည်၊ ရွှင်ပျချမ်းမြေ့မည်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမည်၊ တိုင်းပြည်အင်အား ပြည့်ဖြိုး၍ မည်သည့် ပြည်ပပယောဂကိုမဆို တုံ့ပြန်အနိုင်ယူနိုင်မည်။**

✪ ကျောဖုံးမှ

ယခင်ကပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံများနည်းတူ အောင်အောင်မြင်မြင် ပြီးဆုံးသွားစေရေးအတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ တကွ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေး စတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများကို အကျဉ်းချုပ် ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း စာစောင်မှာ နိဒါန်းနဲ့ အခန်း(၇)ခန်း ပါရှိပါတယ်။

အခန်း(၁)မှာတော့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်များအဖြစ်–

- **ပြည်ထောင်စုမပြိုကွဲရေး၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊**
- **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊**
- **နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနဲ့**
- **အနာဂတ်နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး**ဆိုတဲ့ အမျိုးသားညီလာခံရဲ့

ဦးတည်ချက် (၆)ရပ်ကို ဖော်ပြထားပါတယ်။ ကိုယ်စားလှယ်ကြီးများအနေနဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် ဒီအမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်အတွင်းကနေ ဆွေးနွေးညှိနှိုင်းဖော်ထုတ်သွားကြရမှာဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား –

အခန်း(၂)မှာတော့ ညီလာခံကိုယ်စားလှယ်များရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ညီလာခံကိုယ်စားလှယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ညီလာခံကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများနဲ့ သဘာပတိအဖွဲ့အကြောင်းအရာများကို အဓိကဖော်ပြသတ်မှတ်ထားပါတယ်။

ကိုယ်စားလှယ်ကြီးများအတွက် သတ်မှတ်ထားတဲ့ အရေးကြီးတဲ့ ကျင့်ဝတ်နဲ့ စည်းကမ်းအချို့ကို ထုတ်နုတ်ဖော်ပြရရင် –

၁။ **ပြည်ထောင်စု မြန်မာနိုင်ငံတော်မှတစ်ပါး အခြားမည်သည့် နိုင်ငံရဲ့ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုဖို့၊**

၂။ **ညီလာခံသဘာပတိအဖွဲ့၊ သို့မဟုတ် ကိုယ်စားလှယ်အစုအဖွဲ့ သဘာပတိရဲ့ ညွှန်ကြားချက်များကို လေးစားလိုက်နာဖို့၊**

၃။ **ညီလာခံကိုယ်စားလှယ်တစ်ဦးရဲ့ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ဖို့၊ အမျိုးသားညီလာခံလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်းမပြုလုပ်ဖို့၊**

၄။ **ညီလာခံအစည်းအဝေးများတွင် ဓမ္မဓိဋ္ဌာန်ကျကျဆွေးနွေးဖို့၊ ပုဂ္ဂိုလ်ရေး ပုတ်ခတ်မှုများ၊ အဖွဲ့အစည်းတစ်ခုခုအား ပုတ်ခတ်မှုများကို ရှောင်ရှားဖို့၊**

၅။ **အစည်းအဝေးခန်းမအတွင်းသို့ ဝင်တိုင်း၊ ထွက်တိုင်း နိုင်ငံတော် အလံကို အလေးပြုပြီးမှ ဝင်၊ ထွက်ဖို့၊**

၆။ **မည်သည့်အစည်းအဝေးခန်းမတွင်းသို့မဆို လက်နက်ခဲယမ်းမီးကျောက်များ၊ အသံဖမ်းကိရိယာများ၊ လက်ကိုင်တယ်လီဖုန်းများ၊ ဗီဒီယိုကင်မရာ၊ ဓာတ်ပုံကင်မရာများ၊ ကွန်ပျူတာ၊ လက်ပ်တော့ ကွန်ပျူတာနှင့် အလားတူကိရိယာများ ယူဆောင်လာခြင်းမပြုဖို့၊**

၇။ **အမျိုးသားညီလာခံသတင်းများကို တရားဝင်ထုတ်ပြန်ခြင်းမပြုမီ ညီလာခံ ကိုယ်စားလှယ်များက ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လျှို့ဝှက်ထားဖို့တို့ဖြစ်ပါတယ်။**

ကိုယ်စားလှယ်ကြီးများအနေနဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကိုခံစားသလို ကျင့်ဝတ်စည်းကမ်းများကို လိုက်နာပြီး တာဝန်များကိုလည်း ကျေပွန်အောင် ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အမျိုးသားညီလာခံအစည်းအဝေးများ ကျင်းပတဲ့အခါမှာ စုံညီအစည်းအဝေးများနှင့် အစုအဖွဲ့အစည်းအဝေးများကို ကြီးကြပ်ပေးဖို့ သဘာပတိအဖွဲ့များ လိုအပ်ပါတယ်။ လုပ်ထုံးလုပ်နည်းများနဲ့အညီ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်ငါးဦး၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များမှ ၁၀ဦး၊ ကျန်အစုအဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်ငါးဦးစီတို့နဲ့ ရွေးချယ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သဘာပတိနဲ့ သဘာပတိအဖွဲ့ဝင်များအတွက် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးထားပါတယ်။ ဒီတာဝန်နဲ့ လုပ်ပိုင်ခွင့်တွေနဲ့အညီ သဘာပတိနဲ့ သဘာပတိအဖွဲ့ဝင်များက ညီလာခံအစည်းအဝေးများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲပေးသွားရမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၃)မှာတော့ အမျိုးသားညီလာခံအစည်းအဝေးကျင်းပချိန်မှာ ကိုယ်စားလှယ်များအား စိစစ်ခြင်းနဲ့ အစည်းအဝေးထမြောက်ခြင်းတို့နဲ့ ပတ်သက်ပြီး ဖော်ပြထားပါတယ်။ အမျိုးသားညီလာခံအစည်းအဝေးများဟာ ညီလာခံကိုယ်စားလှယ်အားလုံးရဲ့ ၅၀ရာခိုင်နှုန်းတက်ရောက်ရင် အစည်းအဝေးထမြောက်မှာဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၄)မှာကတော့ ညီလာခံစုံညီအစည်းအဝေးနဲ့ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများမှာ ဆွေးနွေးပြောဆိုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနဲ့ စည်းကမ်းများကို ဖော်ပြထားပါတယ်။ ပထမဦးစွာ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများကို ပြောကြားရမယ်ဆိုရင်–

၁။ **ကိုယ်စားလှယ်များဟာ မိမိတို့ဆွေးနွေးအကြံပြုလိုတဲ့ အချက်များကို မိမိတို့ကိုယ်စားလှယ်အစုအဖွဲ့အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာ သဘာပတိအဖွဲ့ထံ တင်ပြရမှာဖြစ်ပါတယ်။ သဘာပတိအဖွဲ့က တူညီသည့် အကြံပြုချက်များကို စုစည်းပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရပါမယ်။**

၂။ **ညီလာခံကိုယ်စားလှယ်များအနေနဲ့ မိမိတို့အစုအဖွဲ့ရဲ့ အများသဘော တူညီတဲ့ အကြံပြုချက်စာတမ်းအပြင် မိမိတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အခြားတင်ပြလိုသော အကြံပြုချက်ရှိပါက အစုအဖွဲ့လိုက် ဆွေးနွေးပွဲမှာ ဆွေးနွေးပြီး သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါတယ်။**

၃။ **နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟာလည်း မိမိတို့နိုင်ငံရေးပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း၊ အရွေးချယ်ခံကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့နိုင်ငံရေးပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း သက်ဆိုင်ရာအစုအဖွဲ့အတွင်း ဆွေးနွေးညှိနှိုင်းပြီး အများသဘောတူညီသည့် အကြံပြုချက်စာတမ်းကို သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရမှာဖြစ်ပါတယ်။**

၄။ **အထက်ပါ ပါတီအလိုက် အများသဘောတူညီသော အကြံပြုချက်စာတမ်းအပြင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ အရွေးချယ်ခံကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် မိမိတို့တစ်ဦးချင်းသီးခြားတင်ပြလိုသော အကြံပြုချက်ရှိပါက မိမိတို့အစုအဖွဲ့ အစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး သဘာပတိအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါတယ်။**

၅။ **အထက်ပါ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ တစ်သီးပုဂ္ဂလများရဲ့ အကြံပြုတင်ပြချက်များဟာ သဘောထားကွဲလွဲချက်ရှိနေပါက ယင်းတို့ကို ကျေလည်စေရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တတ်နိုင်သမျှညှိနှိုင်းပြီး လိုအပ်သလို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။**

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ဆက်လက်ပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဆွေးနွေးရာမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားရမယ်ဆိုရင်–

၁။ **အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမယ့် အစုအဖွဲ့အလိုက် ပြုစုထားတဲ့ အကြံပြုစာတမ်းများဟာ ဆွေးနွေးလိုတဲ့အချက်များကို တိကျရှင်းလင်းစွာ ဖော်ပြကြရမှာဖြစ်ပါတယ်။**

၂။ **၎င်းအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြမယ့် ကိုယ်စားလှယ် တစ်ဦး သို့မဟုတ် နှစ်ဦး၊ သုံးဦးတို့ရဲ့အမည်နှင့်အတူ သတ်မှတ်ပေးထားသည့်အချိန်အတွင်း မိမိတို့အစုအဖွဲ့သဘာပတိမှတစ်ဆင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီထံ တင်ပြရပါမယ်။**

၃။ **ညီလာခံစုံညီအစည်းအဝေးတွင် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းရာမှာလည်း ကြိုတင်ပေးပို့အတည်ပြုထားတဲ့စာတမ်းကို ကြိုတင် အမည်စာရင်းပေး တင်ပြထားသူကသာ ဖတ်ကြားတင်ပြရမှာဖြစ်ပါတယ်။ ဖတ်ကြားတင်ပြရာမှာလည်း အတည်ပြုစာတမ်းပါ အကြံပြုချက် များကိုသာ ဖတ်ကြားတင်ပြရမှာဖြစ်ပါတယ်။**

၄။ **အစုအဖွဲ့လိုက် ဆွေးနွေးပွဲမှာလည်းကောင်း၊ ညီလာခံစုံညီအစည်းအဝေး မှာလည်းကောင်း ဆွေးနွေးအကြံပြုမှုများဟာ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ် ဘောင်အတွင်းမှသာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

၅။ **ညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းကြသော အကြံပြုတင်ပြချက်များတွင် သဘောထားကွဲလွဲချက်များရှိနေပါက ယင်းတို့ကို တတ်နိုင်သမျှ ကျေလည်စေရေးအတွက် ပြန်လည်အကြံပြု သဘောထားပေးနိုင်စေရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလို စီစဉ်ပေးမှာဖြစ်ပါတယ်။**

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အစုအဖွဲ့လိုက်အစည်းအဝေးများမှာလည်းကောင်း၊ ညီလာခံစုံညီအစည်းအဝေးမှာလည်းကောင်း ဆွေးနွေးပြောဆိုကြရမှာ လိုက်နာသင့်တဲ့ စည်းကမ်းများလည်း သတ်မှတ်ထားရှိပါတယ်။ အဲဒီစည်းကမ်းတွေကတော့–

၁။ **နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာကို ဖောက်ဖျက်သောစကားများမပြောဆိုဖို့၊**

၂။ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ပျက်ပြားစေမယ့် စကားများမပြောဆိုဖို့၊**

၃။ **ဥပဒေဘောင်အတွင်း ရပ်တည်ခြင်းမရှိတဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များရဲ့ အကျိုးစီးပွားအတွက် ပြောဆိုခြင်းမပြုဖို့၊**

၄။ **တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမယ့်စကားများ မပြောဆိုဖို့၊**

၅။ **မည်သည့်ဘာသာသာသနာကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုဖို့၊**

၆။ **ညီလာခံမှာဆွေးနွေးပြီးပြတ်ပြီးဖြစ်တဲ့ကိစ္စတစ်ရပ်ရပ်ကို ထပ်မံတင်ပြခြင်း မပြုဖို့၊**

၇။ **ညီလာခံကိုယ်စားလှယ်တစ်ဦးဦးကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ် ပြောဆိုခြင်း မပြုဖို့၊**

၈။ **စာတမ်းဖတ်ကြားတင်ပြရာမှာ မိမိကြိုတင်ပေးပို့ထားတဲ့စာတမ်းအတိုင်းသာ ဖတ်ကြားဆွေးနွေးကြဖို့၊ ဆွေးနွေးချက်စာတမ်းမှာ မပါရှိတဲ့ အကြောင်းအရာတွေကို မပြောဆိုဖို့၊ အကယ်၍ မူလစာတမ်းမှာ မပါတဲ့အချက်များကိုဖတ်ကြားတင်ပြခဲ့ရင်လည်း မူလစာတမ်းအတိုင်းသာ မှတ်တမ်းတင်ထားဖို့မူ ချမှတ်ထားပါတယ်၊**

၉။ **ဒါ့အပြင် ညီလာခံစုံညီအစည်းအဝေး ဒါမှမဟုတ် အစုအဖွဲ့အစည်းအဝေး ပြုလုပ်နေတဲ့အခါ အစုအဖွဲ့အလိုက်ဖြစ်ဖြစ်၊ တစ်ဦးချင်းပဲဖြစ်ဖြစ် ဆန္ဒပြထွက်ခွာခြင်းမပြုဖို့၊ အော်ဟစ်လှောင်ပြောင်ခြင်းမပြုဖို့ သတ်မှတ်ထားပါတယ်။**

ညီလာခံအောင်မြင်ရေးနဲ့ ညီလာခံရဲ့ ဂုဏ်သိက္ခာနဲ့အညီ ဖြစ်စေရေးအတွက် ဒီစည်းကမ်းချက်တွေကို လိုက်နာဆောင်ရွက်ကြရန်အရေးကြီးကြောင်းပြောကြားလိုပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၅)မှာတော့ အမျိုးသားညီလာခံကြီးအောင်အောင်မြင်မြင်ကျင်းပပြီးစီးနိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များကို ကာကွယ်မှုပေးထားခြင်းနဲ့ အတူစောင့်ထိန်းရမယ့် တားမြစ်ချက်အချို့ကိုလည်း သတ်မှတ်ထားတာတွေ့ရပါတယ်။ အဲဒီတားမြစ်ချက်တွေထဲက အရေးကြီးတဲ့အချက်တွေကတော့–

၁။ **ညီလာခံကိုယ်စားလှယ်များအနေနဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ခွင့်ပြုထားခြင်းမရှိတဲ့ စာရွက်စာတမ်းများဖြန့်ဝေခြင်း မပြုဖို့၊**

၂။ **အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လျှို့ဝှက်ထိန်းသိမ်းထားရန် သတ်မှတ်ထားတဲ့ စာရွက်စာတမ်းများကို ပြင်ပသို့ပြောဆိုခြင်း၊ ပေါက်ကြားခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းမပြုဖို့၊**

၃။ **ညီလာခံကိုယ်စားလှယ်များအနေနဲ့ ညီလာခံတက်ရောက်နေစဉ် ကာလတွင် အိပ်ဆောင်၊ အစည်းအဝေးခန်းမအပါအဝင် ညီလာခံ ကျင်းပရာ ဈောင်နှစ်ပင်ဝင်းအတွင်း လက်နက်ခဲယမ်းများ ယူဆောင်လာခြင်း၊ ကိုင်တွယ်ခြင်းမပြုဖို့တို့ ဖြစ်ပါတယ်။**

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ယခု ကျွန်တော်ရှင်းလင်းပြောကြားခဲ့တဲ့အချက်များဟာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ထုံးလုပ်နည်းပါ အရေးကြီးသောအချက်များဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်း၊ တာဝန်နဲ့ရပိုင်ခွင့်၊ စည်းကမ်းနဲ့ တားမြစ်ချက်များဟာ ညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်အောင်၊ ရင်းရင်းနှီးနှီးညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်အောင် မူဘောင်စည်းကမ်းသတ်မှတ်ပေးတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးက နားလည်သဘောပေါက်လိုက်နာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးများညီလာခံကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်နိုင်အောင် အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို ဆက်လက်ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ နေထိုင်ရေး အဆင်ပြေစေဖို့အတွက် ညီလာခံရပ်နားထားစဉ်အတွင်း ကိုယ်စားလှယ်ကြီးများရဲ့ အဆောင်များကို လုံခြုံသပ်ရပ်ကောင်းမွန်အောင်၊ ရေ၊ မီးပြည့်စုံလုံလောက်အောင် ပြန်လည်ပြုပြင်ထားရှိပါတယ်။

စားရေးသောက်ရေးမှာလည်း ကျန်းမာရေးနဲ့ ညီညွတ်မှုရှိအောင် စစ်ဆေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စားလို့သောက်လို့ကောင်းစေဖို့အတွက်လည်း ဟင်းလျာအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး ချက်ပြုတ်ကျွေးမွေးလျက်ရှိပါတယ်။ ဘာသာရေးနဲ့အညီ စားသောက်နိုင်စေဖို့နဲ့ သက်သတ်လွတ်စားလိုသူများ စားနိုင်စေဖို့တို့အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း အသိပေးလိုပါတယ်။

အလားတူ ကျန်းမာရေး၊ ဆေးကုသရေး၊ အားကစား၊ စာပေဖတ်ရှုနိုင်ရေး၊ ဖျော်ဖြေရေး စသည်တို့အတွက်လည်း အဘက်ဘက်မှပြည့်စုံအောင် စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများ အနေနဲ့ နံနက်ခင်း၊ ညနေခင်းတွေမှာ လမ်းလျှောက်ခြင်း၊ ပြေးခုန်ခြင်း စတဲ့ ကျန်းမာရေးလေ့ကျင့်ခန်းများ လေ့ကျင့်နိုင်သလို အားကစားခန်းမအတွင်းမှာလည်း ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ကိုယ်ကာယလေ့ကျင့်ခန်းစတဲ့ အားကစားနည်းများအပြင် ဂေါက်သီးရိုက်လေ့ကျင့်ကွင်းမှာလည်း ဂေါက်ရိုက် လေ့ကျင့်နိုင်ဖို့ စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်ကြီးများရဲ့ ကျန်းမာရေးအတွက်လည်း ဈောင်နှစ်ပင်စခန်းအတွင်း ဆေးရုံတစ်ရုံကို အထူးကုဆရာဝန်ကြီးများအပါအဝင်၊ ဆရာဝန်၊ ဆရာမ ဆေးဝါးကိရိယာများ အစုံအလင်နဲ့ ဖွင့်လှစ်ပေးထားပါတယ်။ အကယ်၍ ဆေးရုံတက်ရောက်ကုသဖို့ လိုအပ်ရင်လဲ ကုသနိုင်ဖို့ပါ စီစဉ်ထားပါကြောင်းအသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများ အပန်းဖြေနိုင်ရေးအတွက်လည်းအဆောင်များမှာ ရုပ်မြင်သံကြား၊ ကာရာအိုကေများ စီစဉ်ထားရှိပေးသလို စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များထားရှိရုံသာမက၊ စာအုပ်အရောင်းဆိုင်နဲ့အငှားဆိုင်များပါ ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်။ ဖျော်ဖြေရေးအနေနဲ့လည်း တေးဂီတဖျော်ဖြေပွဲ၊ အငြိမ့်၊ ပဒေသာကပွဲ၊ ရုပ်ရှင်များနဲ့ ညစဉ် အလှည့်ကျ တင်ဆက်သွားဖို့ စီစဉ်ထားပါကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် ကိုယ်စားလှယ်ကြီးများ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့အတွက်လည်း ဝင်းသူဇာအရောင်းဆိုင်၊ GECအရောင်းဆိုင်များဖွင့်လှစ်ပေးထားပါတယ်။ ဆံသဆိုင်၊ အလှပြင်ဆိုင်၊ ခဝါဆိုင်၊ မျက်မှန်ဆိုင်နဲ့ စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးထားပါတယ်၊ သွားရေးလာရေး အဆင်ပြေစေဖို့ စီစဉ်ဆောင်ရွက်ပေးထားသလို ဆက်သွယ်ရေးအတွက်လည်း စာတိုက်၊ တယ်လီဖုန်း စသည်များ ပြည့်စုံအောင် စီစဉ်ထားရှိကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

ဒီကနေ့ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ အမျိုးသားညီလာခံကြီးဟာ ပထမဆုံးနဲ့ ပဓာနအကျဆုံး လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ အလွန်အရေးကြီးသလို သမိုင်းမော်ကွန်းတင်ရမည့် လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒီညီလာခံကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူထု လူတန်းစားအလွှာအသီးသီးက ကိုယ်စားလှယ်ကြီးများဟာ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်နဲ့ အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီးတက်ရောက်ဆွေးနွေး အကြံဉာဏ်များပေးလျက် ရှိနေကြပါတယ်။

ကိုယ်စားလှယ်တော်ကြီးများအားလုံး သိရှိပြီးဖြစ်တဲ့အတိုင်း ယခုကျင်းပတဲ့ အမျိုးသားညီလာခံဟာ နောက်ဆုံးအကြိမ်ကျင်းပတဲ့ အမျိုးသားညီလာခံ ဖြစ်တဲ့အတွက် ဒီညီလာခံပြီးရင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်လျှောက်လှမ်းသွားမှာဖြစ်ပါတယ်။ ဒီလို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေး ဆောင်ရွက်နေတာကို ပျက်ပြားစေလိုသူတွေ၊ အာဏာကိုဖြတ်လမ်းက ရယူလိုသူတွေ၊ ပြည်ပသြဇာခံတွေ၊ ပွဲလန့်ဖျာခင်းလုပ်လိုသူတွေဟာ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားအောင်၊ အထွေထွေအခက်အခဲ အကျပ်အတည်းပေါ်ပေါက်ပြီး လူထု အုံကြွမှုဖြစ်လာအောင် လုပ်ဆောင်နေကြသလို အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ဖို့လည်း ကြံစည်ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း အမျိုးသားညီလာခံနဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စများကို အထူးကြပ်မတ်ဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများအနနဲ့လည်း ညီလာခံကာလအတွင်းမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာနဲ့ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲရာမှာ အသေးစိတ်အခြေခံရမယ့်မူတွေ ရရှိအောင် အကြံကောင်းဉာဏ်ကောင်းများစွာနဲ့ အစွမ်းကုန် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

ခေတ်ဟောင်း၊ စနစ်ဟောင်းတစ်ခုကနေ ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မယ်ဆိုရင် ပထမဆုံးလိုအပ်ချက်ဟာ ခေတ်သစ်၊ စနစ်သစ်နဲ့ ကိုက်ညီမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပဲဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးဘဲ ခေတ်သစ်၊ စနစ်သစ်ဆီကို အလျင်စလိုကူးပြောင်းရင် ကြီးမားတဲ့ ချွတ်ချော်လွဲမှားမှုတွေ ဖြစ်ပေါ်ပြီး နိုင်ငံတော်အတွက် ထိခိုက်နစ်နာတတ်

❒ ရှေ့ဖုံးမှ

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံက ကျင့်သုံးတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နဲ့ လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးတဲ့ ပင်မဥပဒေကြီးပဲဖြစ်ပါတယ်။ ဒါကြောင့် ခေတ်ဟောင်း၊ စနစ်ဟောင်းတစ်ခုကနေ ခေတ်သစ်၊စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မယ်ဆိုရင် ပထမဆုံးလိုအပ်ချက်ဟာ ခေတ်သစ်၊စနစ်သစ်နဲ့ ကိုက်ညီမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးဘဲ ခေတ်သစ်၊ စနစ်သစ်ဆီကို အလျင်စလို ကူးပြောင်းရင် ကြီးမားတဲ့ ချွတ်ချော်လွဲမှားမှုတွေ ဖြစ်ပေါ်ပြီး နိုင်ငံတော်အတွက် ထိခိုက်နစ်နာတတ်ပါတယ်။

ဒါကြောင့်လဲ တပ်မတော်အစိုးရဟာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဟာ မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်သူတွေလိုလားတဲ့စနစ်နဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းလာရေးအတွက် တစ်ဖက်က ကြိုးပမ်းခဲ့သလို အခြားတစ်ဖက်က မိမိနိုင်ငံနဲ့ မိမိလူမျိုးကို ခေတ်သစ် စနစ်သစ်အတွက် အဆင်သင့်ဖြစ်အောင် အချိန်နဲ့အမျှ မနားတမ်း အားသွန်ကြိုးပမ်း ဖော်ဆောင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ပြီး ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အသေးစိတ်အခြေခံရမယ့်မူတွေကို ကြိုးပမ်းညှိနှိုင်းချမှတ်ခဲ့လို့ တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံပြီးမြောက်လာခဲ့တာဟာ ယခုဆိုရင် ရာခိုင်နှုန်းပြည့် ပြီးမြောက်တော့မယ့်အချိန်ကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

၁၉၉၆ခုနှစ်ကစပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိတဲ့ အမျိုးသားညီလာခံကြီးကို ပထမအကြိမ်အဖြစ် ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့မှ မတ်လ ၃၁ရက်နေ့အထိ လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့ထိလည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ရက်နေ့မှ ဒီဇင်ဘာလ ၂၉ရက်နေ့အထိ လည်းကောင်း ပြန်လည်ကျင်းပခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီးများဟာ အတိတ်၊ပစ္စုပ္ပန်နဲ့ အနာဂတ်ကို နှိုင်းချိန်ပြီး မိမိတို့ရဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ် အသီးသီးကို အားလုံးရဲ့ သဘောတူညီမှုရသည်အထိ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း တိုင်ပင်နိုင်ခဲ့ကြပါတယ်။ ကိုယ်စားလှယ်တော်ကြီးများရဲ့ နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာစောင့်သိမှု၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမှု၊ အမြော်အမြင်ကြီးမားမှုတွေကြောင့် ရရှိလာတဲ့ရလဒ်တွေဟာ သမိုင်းဝင်စာမျက်နှာများ ဖြစ်လာတော့မှာဖြစ်ပါတယ်။

ယခုတစ်ကြိမ်မှာ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ယခင်တစ်ကြိမ်က ကိုယ်စားလှယ်တော်ကြီးများ အကြံပြုခဲ့တဲ့အချက်တွေကို စုစည်းပြီး ပြန်လည်ဆွေးနွေးကာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ညှိနှိုင်းတိုင်ပင် ချမှတ်ကြရမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံစတင်သည့်မှ နောက်ဆုံးအချိန်အထိ ကိုယ်စားလှယ်တော်ကြီးများ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ထားခဲ့ကြတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေအခြေခံရမယ့် အချက်တွေဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးရဲ့ အနှစ်သာရကို သေးသိမ်ပျက်ပြားစေလိုသူတချို့က အခြေခံဥပဒေသစ်ကို ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတွေက ချည်နှောင်ထားမှာကို လက်မခံနိုင်လို့ အမျိုးသားညီလာခံကို ဆက်လက်တက်ရောက်ခြင်း မပြုသယောင် အသံပေးနေကြပါတယ်။ အမှန်တော့ ချမှတ်ထားပြီးဖြစ်တဲ့အခြေခံမူတွေကို မျက်ကွယ်ပြုခြင်းအားဖြင့် ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံကြီးရဲ့ လုပ်ငန်းစဉ်တစ်ရပ်လုံးကို ပယ်ဖျက်လိုက်လိုခြင်းပဲဖြစ်ပါတယ်။ ဒီလို ဖျက်လိုဖျက်ဆီးပြောကြားခြင်းဟာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရှေးရှုပြီး အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ၊ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ တရားဝင် ဆောင်ရွက်ခွင့်မရှိဘဲ အမျိုးသားညီလာခံရဲ့လုပ်ငန်းများကို ဆောင်ရွက်ခြင်း (သို့မဟုတ်) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း(သို့မဟုတ်) ရေးဆွဲဖြန့်ဝေခြင်းစတဲ့ အဖျက်လုပ်ငန်းများနဲ့ အကျုံးဝင်တာကြောင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေနဲ့ ငြိစွန်းလျက်ရှိပါတယ်။ သို့သော် အဆိုးမြင်ဝါဒီများဟာ အလွန်အင်အားနည်းပါးတဲ့ လူတစ်စုသာဖြစ်ပြီး အမျိုးသားညီလာခံကြီးကို လိုလားထောက်ခံသူတွေကတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ ရှိနေကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက်လုံး ကိုယ်စားလှယ်တော်ကြီးများရဲ့ အကြံပြုတင်ပြချက်များ၊ သဘာပတိအဖွဲ့ရဲ့ စုစည်းသုံးသပ်ချက်များ၊ ကိုယ်စားလှယ်တော်ကြီးများက ပြန်လည်ဆွေးနွေးပြီး အသေးစိတ်အခြေခံရမယ့်မူတွေအဖြစ် ချမှတ်မှုများကို ရုပ်မြင်သံကြားများနဲ့ သတင်းစာများမှာ တစ်လုံးတစ်ပါဒမျှ မကျန်ရအောင် ထုတ်လွှင့်ဖော်ပြခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီးရဲ့ အနှစ်သာရနဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ ကြိုးပမ်းချက်များကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံသားများသာမက ပြည်ပနိုင်ငံများကပါ လေ့လာသိရှိခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့်လဲ ယနေ့အချိန်အခါမှာ ပင်ကိုအသိနဲ့ အမျိုးသားညီလာခံကြီးကို ထောက်ခံပြီး လှုပ်ရှားဆောင်ရွက်နေကြသူတွေလဲ အများအပြားရှိနေကြပါတယ်။

ဒါ့အပြင် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက နီးစပ်ရာ အသိုင်းအဝိုင်းတွေမှာ ပြန်လည်ရှင်းလင်းပြောကြားတဲ့အတွက်လဲ ယနေ့ ပြည်သူလူထုတစ်ရပ်လုံးဟာ အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို သိရှိနားလည်ပြီး ယုံကြည်လက်ခံလျက် ရှိကြပါတယ်။

ယခုတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်ဖြစ်တာနဲ့အညီ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက် ညီညွတ်ဆီလျော်အောင် အစအဆုံး ပြန်လည်သုံးသပ်ကြဖို့ လိုပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ မူလဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့် မူများရဲ့ သဘောအဓိပ္ပာယ်မှ ကွဲလွဲမှုမရှိစေဘဲ လိုအပ်သမျှကိုသာ ဆောင်ရွက်ကြရန်ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

နိဂုံးချုပ်အားဖြင့်ပြောကြားရရင် ကိုယ်စားလှယ်တော်ကြီးများရဲ့ တည်းခိုရေး၊ စားသောက်ရေး၊ ပို့ဆောင်ရေး၊ လုံခြုံရေးတို့ကို အတွေ့အကြုံရင့်ကျက်ပြီးဖြစ်တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးက ပြည့်ပြည့်စုံစုံကြိုတင်ပြင်ဆင်ထားပါတယ်။ အခြေအနေအရ ထပ်မံလိုအပ်ချက်ရှိရင်လဲ ဆိုင်ရာပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းရယူသွားနိုင်ကြပါတယ်။ အထူးသဖြင့် မှာကြားလိုတာကတော့ အမျိုးသားညီလာခံအပေါ် မလိုလားသူအချို့ ရှိနေတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးတိုင်းက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနဲ့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာရွှင်လန်းစွာနဲ့ အမျိုးသားညီလာခံကြီးရဲ့ တာဝန်များကို ထမ်းဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ယခုတစ်ကြိမ်မှာ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ယခင်တစ်ကြိမ်က ကိုယ်စားလှယ်တော်ကြီးများ အကြံပြုခဲ့တဲ့အချက်တွေကို စုစည်းပြီး ပြန်လည်ဆွေးနွေးကာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ညှိနှိုင်းတိုင်ပင် ချမှတ်ကြရမှာဖြစ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်တွင်း၊ပြည်ပ သတင်းထောက်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်း၊ ပြည်ပသတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များက ပြည်တွင်း၊ ပြည်ပ သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားစဉ်။
(သတင်းစဉ်)

☆ ကျောဖုံးမှ

လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် “ဝ”အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူး ဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA) အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်)နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ အီဂျစ်အာရပ် သမ္မတနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ပြင်သစ်သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆာဗီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံများ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့ တက်ရောက်လေ့လာကြပြီး ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက၊ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များနှင့် သတင်းတာဝန်ခံများ တက်ရောက်သတင်းရယူကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမကျင်းပမီ နံနက် ၈နာရီ ၄၅မိနစ်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက၊ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာအခမ်းအနားမှူးအမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ဦးရှိပြီး ၁၀၅၈ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၉ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ စုံညီအစည်းအဝေး အဖွင့်မိန့်ခွန်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉နာရီ ၁၀မိနစ်တွင် ခေတ္တရပ်နားသည်။

(သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးတွင်ဖော်ပြထားပါသည်။)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးခေတ္တရပ်နားချိန်တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များသည်အမျိုးသားညီလာခံကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်သတင်းရယူကြသည့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့်အသင်းဝင်သတင်းထောက်များနှင့် ပြည်တွင်း မဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များနှင့် သတင်းတာဝန်ခံများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက် ၉နာရီ ၃၅ မိနစ်တွင် ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းပြောကြားသော အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် ရှင်းလင်းပြောကြားချက်ကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တနိုင်းမြို့နယ် တိမ်ကောက်ရွာရှိ တိုင်းရင်းသားလုပ်ငန်းရှင် ဦးမြဟန်၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တနိုင်းဒေသတွင် မြေလွတ်မြေရိုင်းများစွာရှိ၊ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးစေရေး စနစ်တကျ စီမံဆောင်ရွက် ဒေသခံများနှင့်အတူ ကျေးလက်ဒေသ လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင်ကြိုးပမ်း

နေပြည်တော် 　 ဇူလိုင် 　 ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၅ရက် နံနက်ပိုင်းတွင် တနိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၆ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနား၊ တနိုင်း၊ ပန်ဆောက်–လီဒိုလမ်း တိမ်ကောက်ကျေးရွာအနီး၌ တနိုင်းတပ်နယ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရော်ဘာဧက ၁၀၀၀ စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေးက ရော်ဘာဧက ၁၀၀၀ စိုက်ပျိုးရေးစီမံကိန်း၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ရော်ဘာပင် များ ရှင်သန်ဖြစ်ထွန်းမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က တနိုင်းဒေသ၌ မြေလွတ်၊ မြေရိုင်း များ များစွာရှိပြီးဖြစ်ရာ တပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များက ရှိပြီးသား မြေအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးတက်စေရေးအတွက် စနစ် တကျ စီမံဆောင်ရွက်သွားရန် မှာကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် တနိုင်းတပ်နယ်မှ စိုက်ပျိုးထား သော ရော်ဘာပင်များ အောင်မြင်ဖြစ် ထွန်းနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ပန်ဆောင်–တနိုင်း–မြစ်ကြီး နား–လီဒို လမ်းတစ်လျှောက် တနိုင်း မြို့နယ်၏ မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များ ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ ကြရာ တနိုင်းမြို့နယ် တိမ်ကောက်ရွာရှိ ဒေသခံ တိုင်းရင်းသား လုပ်ငန်းရှင် ဦးမြဟန်၏ ခြံစည်းရိုးကြက်ဆူဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းနေသော ကြက်ဆူ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး အားပေးသည်။

အဆိုပါခြံ၌ ခြံစည်းရိုးကြက်ဆူဧက ၁၀၀ ၌ ကွမ်းသီးတစ်ဧက၊ တညင်း ဧက ၆၀၊ ကြံ ၂၅ ဧကတို့ကိုပါ စိုက်ပျိုးထားရှိလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင် များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ကြရာ ရှုဒူဇွတ် ကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံ တပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင် ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များတွင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်ဖွဲ့ဝင် အမျိုးသမီးရဲမေ များအား အဝတ်အထည်များကို လက်ဆောင်ပေးအပ်ပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင် များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဒွန်ဘန် ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ် ပန်ဆင်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်း များကို တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရေး၊ ဒေသခံ ပြည်သူများနှင့်အတူ ကျေးလက်ဒေသ လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြား ကာ အရာရှိ၊ စစ်သည် မိသားစုဝင်များ အတွက် အဝတ်အထည်များကိုပေးအပ် ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ဒွန်ဘန်ကျေးရွာအနီးရှိ ဒွန်ဘန် တံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒွန်ဘန်တံတား တည်ဆောက်ရေး ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဒွန်ဘန်ကျေးရွာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ အခြေခံ စက်ချုပ်သင်တန်း တက်ရောက်နေကြ သော နယ်စပ်ဒေသ မြို့နယ်အသီးသီးမှ တိုင်းရင်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တိုင်းမှူးက အဝတ်အထည်လက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သင်တန်းသား၊ သင်တန်းသူ များအား ထောက်ပံ့ငွေကျပ် သုံးသိန်းကို သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်သန်းသန်းမော်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင် များသည် မိုးကောင်းမြို့နယ် တနိုင်း– မြစ်ကြီးနားကားလမ်းမိုင်တိုင်(၃၈/၀) ရှိ ဆီးဒီးယံ၊ လွယ်လီယံ ရော်ဘာ စိုက်ခင်းသို့ ရောက်ရှိကြရာ မိုးကောင်း မြို့နယ် မြေစာရင်းဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးတင်ထွန်းက မြို့နယ်၏ ရော်ဘာစိုက်ပျိုးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ဒေသခံတိုင်းရင်းသား လုပ်ငန်း ရှင် ဦးမရမ်ဇော်ဘောက်၏ ရော်ဘာ နှင့် အခြားနှစ်ရှည်သီးနှံ စိုက်ပျိုးရေး စီမံကိန်း၊ ဆီးဒီးယံကွင်း ဦးပိုင်အမှတ် (၁၁၄)၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရော်ဘာနှင့် နှစ်ရှည်သီးနှံပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ဒေသခံ တိုင်းရင်းသားလုပ်ငန်း ရှင် ဦးမောင်အိုက်၏ ရော်ဘာနှင့် သစ်သီးဥယျာဉ်ခြံ၊ လွယ်လီယံကွင်း ဦးပိုင်အမှတ်(၁၁၃)သို့ ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာ ပင်များကို ကြည့်ရှုကြသည်။

မိုးကောင်းမြို့နယ်၌ ရော်ဘာကို ဆောင်းခါ၊ လွယ်လီယံ၊ ဆီးဒီးယံ၊ တောင်နီ၊ ဆားမှော်၊ ညောင်ကုန်း၊ နန်းခမ်း–လမ်းခွ၊ ညောင်တော၊ မရမ်း၊ မံရွတ်၊ နမ္မတီး၊ နမ့်ဟိုင်ကျေးရွာတို့၌ စီမံချက်ချမှတ်၍ စိုက်ပျိုးလျက်ရှိရာ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ၆၇၆ဧကနှင့် ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၂၁၇ ဧက စုစုပေါင်း ၈၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင် များသည် မိုးကောင်းမြို့နယ် ကံလုရွာ သို့ ရောက်ရှိကြပြီး မြစ်ကြီးနား– မိုးကောင်း–ကာမိုင်း–လုံးခင်း–ဖားကန့် လမ်းအတိုင်း ဆက်လက်ထွက်ခွာ ခဲ့ကြရာ ဖားကန့်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် ည ၇ နာရီခွဲတွင် ဖားကန့်မြို့ ဥရုရတနာခန်းမ၌ ဖားကန့်မြို့နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြား သည်။

ရှေးဦးစွာ ဖားကန့်မြို့နယ် ဥက္ကဋ္ဌ ဦးလွမ်းမိုးဟန်က ဖားကန့်မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများ အခြေအနေ၊ မြေအသုံးချမှု အခြေအနေ ၊ ၂၀၀၆–၂၀၀၇ခုနှစ်တွင် မိုးစပါး ၁၉၃၈၇ဧက၊ နွေစပါး ၂၂၈ဧက စိုက်ပျိုးနိုင်ခဲ့မှုအခြေအနေ၊ ၂၀၀၇– ၂၀၀၈ခုနှစ်တွင် ၂၉၃၈၇ဧက စိုက်ပျိုး ရန် လျာထားရာ ၅၉၈၇ဧက စိုက်ပျိုး ပြီးစီးခဲ့မှုအခြေအနေ၊ မြို့နယ်၏ ပညာ ရေး၊ ကျန်းမာရေး အခြေအနေများနှင့် ကျေးလက်ဒေသ လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်မှု အခြေအနေ တို့ကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဌာန ဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဖားကန့်ဒေသ၏ လမ်းပန်း ဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ပေးရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု ဖြင့် ပိုမိုတိုးတက် အောင်မြင်အောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဒေသဝမ်းစာဖူလုံရေးနှင့် နိုင်ငံတော်က သတ်မှတ်ထားသည့် ပန်းတိုင်အထွက် နှုန်း ရရှိရေးအတွက် ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးရေး၊ စိုက်နည်း စနစ် မှန်ကန်ရေး၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများ သုံးစွဲရေး၊ လယ်ယာသုံး စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် စက်မှုလယ်ယာကဏ္ဍ တိုးမြှင့်ဖော် ဆောင်ရေးတို့ကို အလေးထားဆောင် ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခုအခါ ဒေသတွင်း တည်ငြိမ် အေးချမ်းမှုနှင့်အတူ လမ်းပန်းဆက်သွယ် ရေးလည်း တိုးတက်ကောင်းမွန်လာ သည့် အားလျော်စွာ ဒေသခံပြည်သူ များ၏ စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီး တို့လည်း ယခင်ကထက် တိုးတက်မြင့် မားလာပြီးဖြစ်ရာ ယင်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများကို အရှိန်အဟုန် မပျက် ဆက်လက် ထိန်းသိမ်းမြှင့်တင် သွားရန် မှာကြားသည်။

ယင်းနောက် သိရောမဏိကုမ္ပဏီမှ ဒါရိုက်တာ ဦးရဲကျော်မိုးက ကျောက် စိမ်းလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၅၀၀ ကို ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးရာဝမ်ဂျုံထံ ပေးအပ်ရာ ပြည်နယ်အသင်း အတွင်းရေးမှူးက အသင်းဝင် အသိအမှတ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းသုံးဗလာ စာအုပ်များကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝတ်စုံများကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းသိန်းထွန်းအား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်း ရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က မြို့နယ်လူမှုရေး အသင်း အဖွဲ့များအား အိတ်ဆောင်မှတ်တမ်း စာအုပ်များကို ပေးအပ်ပြီး အခမ်း အနားကို ရုပ်သိမ်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့ ဥရုရတနာရိပ်သာသို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် 　 ဇူလိုင် 　 ၁၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Technical Division Group(3) က ကြီးမှူးကျင်းပသည့် စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ် တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်တွင် ဇူလိုင် ၂၁ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် Phyapon Bridge Construction Sequence စာတမ်းကို ဖတ်ကြားမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆေးပဒေသာပင်လှူဒါန်း

ကွယ်လွန်သူ ဦးမြင့်(မိုးကုတ်)အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနေ ဇနီး ဒေါ်သန်းသန်းနှင့် သားသမီးမြေးမိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးရုံသုံး သံခုတင်၊ မွေ့ရာနှင့် ထာဝရဆေးပဒေသာပင် စုစုပေါင်း ငွေကျပ် ၁၃သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်မြို့နယ် စုပေါင်းကောက်စိုက်ပွဲ တက်ရောက်အားပေး

ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ကို ကြည့်ရှုစစ်ဆေးပြီး ပညာရေးကဏ္ဍမြင့်မားရေး အလေးထားရန်မှာကြား

နေပြည်တော် ဇူလိုင် ၁၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းလယ်မြေများ စုပေါင်းကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဘားအံမြို့နယ်၌ ရော်ဘာပင်ကြား မိုးမြေပဲ စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ချောင်းတောင်ကျေးရွာ၌ ကျင်းပသော ကော့ကရိတ်ခရိုင်၏ ပန်းတိုင်အထွက်နှုန်းလယ်များ စုပေါင်းကောက်စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနား၌ ကော့ကရိတ်ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမင်းစိန်ထွန်းက ကော့ကရိတ်ခရိုင်၏ ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါး၁၇၉၉၇၅ဧက၊ နွေစပါး၄၈၉၅၇ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇–၂၀၀၈ခုနှစ်တွင် မိုးစပါးဧက ၁၇၈၅၉၀ စိုက်ပျိုးရန်လျာထားမှုအခြေအနေ၊ တစ်ဧကအထွက်နှုန်း မြင့်မားရေးအတွက် မျိုးပြောင်းလဲခြင်း၊ မျိုးသန့်ရုံသတ်မှတ်စိုက်ပျိုးခြင်း၊ ပန်းတိုင်အထွက်နှုန်း ဧရိယာသတ်မှတ် စိုက်ပျိုးခြင်းနှင့် မြေသားပြုပြင်ခြင်းတို့ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မျိုးသန့်ဇုန်လျာထားဧက၁၄၀တွင် ဆင်းသွယ်လတ်စပါးမျိုးကို စိုက်ပျိုးသွားမည့်အခြေအနေ၊ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ဆင်းသွယ်လတ်စပါးမျိုးကို ခရိုင်အနေဖြင့်ဧက ၅၈၀၀၀အထိ စိုက်ပျိုးသွားမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စပါးကိုဒေသဆန်ဖူလုံရုံမျှသာမက ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး၊ အထွက်နှုန်းကောင်းသော ဆင်းသွယ်လတ်မျိုးကိုစိုက်ပျိုးခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်အောင် လုပ်ဆောင်ရေး၊ အထွက်နှုန်းကောင်းမျိုးကိုရွေးချယ်ရာတွင် ဒေသ၏ မြေ၊ ရေ၊ ရာသီဥတုနှင့် ကိုက်ညီမည့်မျိုးကိုရွေးချယ်၍ အမျိုးအစားများပြားစွာမစိုက်ဘဲ တစ်မျိုးကောင်း၊ နှစ်မျိုးကောင်းစသည်ဖြင့်သာ ရွေးချယ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ စုပေါင်းကောက်စိုက်ပွဲအခမ်းအနားကို ကျင်းပရာ ကော့ကရိတ်မြို့နယ် အမှတ်(၄)ရပ်ကွက် အမှတ်(၅)ရပ်ကွက်၊ လှိုင်ဝ၊ ကျုံဒိုး၊ ရေပူကြီး၊ တစ်မိုင်ကုန်း၊ ကမ်းနီနှင့် ချောင်းတောင်ကျေးရွာတို့မှ ကောက်စိုက်လုံမေများက သတ်မှတ်လယ်ကွက်များ၌ ဆင်းသွယ်လတ် ပျိုးပင်များကို အဖွဲ့လိုက်စုပေါင်းကောက်စိုက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့သည် ကောက်စိုက်လုံမေအဖွဲ့များအား ဂုဏ်ပြုဆုများကိုပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော စိုက်ပျိုးရေးပညာပေးပြခန်းနှင့် စက်မှုလယ်ယာဦးစီးဌာနက ပြသထားသော လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂)လယ်ယာသုံးယာဉ်နှင့် စက်ပစ္စည်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်ပတုတ်ကျေးရွာအနီးရှိ တောင်သူဦးမိုးမင်း၏ ရော်ဘာပင်ကြားမိုးမြေပဲစိုက်ခင်း၁၅ဧက ကွင်းသို့ရောက်ရှိကြရာ ဘားအံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဒေါ်သန်းရီက ယခုမိုးမြေပဲစိုက်ခင်းတွင် တောင်သူ၇၅ဦး၏ စုစုပေါင်း ၁၆၂ဧကတွင် အက်စ်ပီအိုင်(၂၁)ဒေသအခေါ်(ဂျပန်လေး) မိုးမြေပဲကို စိုက်ပျိုးထားရှိမှု၊ တစ်ဧကလျှင် မြေပဲတင်း ၆၀ ထွက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာစိုက်ခြံများရှိ ပင်ကြားမြေများတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်သူများအား လုပ်ကိုင်ခွင့်ပြုရေး၊ တန်ဖိုးမရှိသော သဘာဝတောများကိုရော်ဘာတောများဖြင့်အစားထိုးရေး၊ ရော်ဘာစိုက်ပျိုးနိုင်သူများအား နေရာသတ်မှတ်လုပ်ကိုင်ခွင့်ပြုရေး၊ မြေပဲကိုဆီထွက်နှုန်းကောင်းမွန်သော ဆင်းပဒေသာ(၇) ကဲ့သို့သော မျိုးများဖြင့် အစားထိုးစိုက်ပျိုးရေး၊ မြေဩဇာအသုံးပြုရာတွင် ကုန်ကျစရိတ်သက်သာ၍ လွယ်ကူစွာရရှိနိုင်သော သဘာဝမြေဩဇာများကိုသာ အသုံးချသွားရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သမ္မာအာဇီဝဖြစ်သောစိုက်ပျိုးရေးလုပ်ငန်းဖြင့် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ သံလွင်မြစ်ကမ်းရှိ ဘားအံမြို့နယ်ခြံစည်းရိုးကြက်ဆူပင်၁၀ဧက စိုက်ခင်းသို့ရောက်ရှိကြရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်သန်းရီနှင့်တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်မှထွက်ရှိသော ခြံစည်းရိုးကြက်ဆူသီးများ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြံစည်းရိုးကြက်ဆူပင်များမှ ကိုင်းနှင့်အသီးများကိုဒေသအတွက် မျိုးအဖြစ်ထုတ်ယူရေး၊ အသီးလှိုင်လှိုင်သီးပွင့်ပါက ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာအနီးရှိ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိကြရာ ရုံးခန်းမ၌ ကျောင်းအုပ်ကြီးဒေါ်သင်းသင်းထိုက်နှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ်(ဘားအံ)နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ကျောင်းရှေ့မျက်နှာစာ၌ အရိပ်ရပင်များ၊ အလှစိုက်ပန်းပင်များကို စနစ်တကျ စိုက်ပျိုးရေး၊မြေလွတ်မြေလပ်များ၌ ရာသီ သီးနှံ၊စားဖိုဆောင်သီးနှံများကို စိုက်ပျိုးထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ကြီးနှင့်ဆရာဆရာမများအား နေ့စဉ်တိုးတက်ဖြစ်ပေါ်နေသော ကွန်ပျူတာဆိုင်ရာပညာရပ်များကို မျက်ခြည်ပြတ်မခံလေ့လာဆည်းပူးကြပြီး မိမိတို့ကျောင်းသားကျောင်းသူများအား ကျွမ်းကျင်တတ်မြောက်သော အသိပညာရှင်၊အတတ်ပညာရှင်များဖြစ်လာအောင်၊ လောကနီတိ၊ မင်္ဂလာတရားတို့မှ ကိုယ်ကျင့်နီတိများကို လိုက်နာကျင့်သုံးတတ်အောင်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်၍ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သော လူချွန်လူမွန်များဖြစ်အောင်လေ့ကျင့်ပြုစုသင်ကြားပေးရေး၊ ငြိမ်းချမ်းစွာ ပညာသင်ကြားမှုကို ထိပါးနှောင့်ယှက်သော အဖျက်အန္တရာယ်များမှ ကာကွယ်တားဆီးရေး၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ မိဘပြည်သူများနှင့် လက်တွဲ၍ နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)မှ ဆရာ ဆရာမများအား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို ကော့ကရိတ် ခရိုင်၏ ပန်းတိုင် အထွက်နှုန်း လယ် များ စုပေါင်း ကောက်စိုက်ပွဲတွင် စက်မှုလယ်ယာ ဦးစီးဌာနက ပြသထားသော လယ်ယာ (၁၆)နှင့် လယ်ယာ(၂၂) လယ်ယာသုံး ယာဉ်နှင့် စက်ပစ္စည်း တို့ကို ကြည့်ရှု စစ်ဆေးစဉ်။
(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၈

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ပဋ္ဌမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတောင်ဘက်မုခ်ရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူတော်ငွေများကို လက်ခံသည်။

အလှူငွေပေးအပ်ပွဲတွင် ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် အရှင်နန္ဒသိရီက ပြင်သစ်ကျောင်းတော်ကြီးနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဝန်ကြီးနှင့်ပရိသတ်များက ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး မိသားစုတို့က အလှူငွေ ကျပ်လေးသိန်းစီ၊ တောင်ဥက္ကလာပမြို့နယ် သဘာဝမုန့်ဟင်းခါးဖိုက ငွေကျပ် ၃၂ သိန်း၊ ဦးကိုကိုထွေး–သီရိသုမင်္ဂလီ ဒေါ်အေးအေးသန်း(တော်ဝင်ကုမ္ပဏီ)က အလှူငွေကျပ် ၂၆ သိန်း၊ ဒေါ်ခင်ထားလတ်က ငွေကျပ် ၂၁ သိန်း၊ ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဝန်ထမ်းများက ငွေကျပ်သိန်း ၂၀၊ မကွေးမြို့မှ ဒေါ်ရှုရီမိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးကျော်သူဝင်း–ဒေါ်နှင်းစန္ဒာဦးမိသားစုက ငွေကျပ် ၁၃ သိန်း၊ မသော်တာဇင်မိသားစု၊ ဦးဘိုကြီး–သီရိသုမင်္ဂလီ ဒေါ်သန်းသန်း(ပြည်လုံးချမ်းသာ ဆေးတိုက်)၊ ဒေါ်ညွန့်နွယ်နှင့် မိခင်ကြီး ဒေါ်ကြည်သန်းအား အမှူးထား၍ သားသမီးမြေးတစ်စုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဒေါက်တာအောင်မြင့်–ဒေါ်ခင်စောမူမိသားစုက FEC ၁၀၀၀၊ ဦးမြတ်သူ–ဒေါ်ညွန့်ညွန့်မိသားစု၊ ရွှေတိဂုံစေတီတော် ဝေနေယျသုခရေချမ်းစင်အသင်း၊ ဦးမြတင်–ဒေါ်လှတင်မိသားစု၊ ဦးသန်းဝင်းနှင့် ညီမများနှင့် ဦးကျင်ဟူ–ဒေါ်မြင့်မြင့်ဝင်း (အောင်ဆုထူးပန်ထီဆိုင်) မိသားစုတို့ကငွေကျပ်ငါးသိန်းစီနှင့် ကျန်အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းခဲ့

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပထမအကြိမ်မှ ပဋ္ဌမအကြိမ်အထိ အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက စုစုပေါင်းအလှူငွေ ၄၃၄၃၆၅၁၂ ကျပ်၊ FEC၃၈၃၃ နှင့် အမေရိကန်ဒေါ်လာ ၂၉၈၀၀တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စီးပွားရေးအသိပညာပေး ဟောပြောမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ စီးပွားရေးပညာအသိပေးဟောပြောပွဲများကို တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိရာ ဇူလိုင်လ ဒုတိယပတ် ဟောပြောပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် Yangon Directory ၏ ပံ့ပိုးမှုဖြင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပမည်ဖြစ်ရာ ဒေါက်တာတင်လတ် (MAT College) က ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်(Corporate Governance) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ မည်သူမဆို အခမဲ့တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ပျဉ်းမနားမြို့ အောင်သိဒ္ဓိကျောင်းတိုက်၌ ကျင်းပရာ ပျဉ်းမနားမြို့ သပြေတောင်တောရကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော်၊ အောင်သိဒ္ဓိကျောင်းတိုက် ပဓာန နာယက ဆရာတော်နှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သပြေတောင်တောရကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရထံမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည် ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သပြေတောင်တောရကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ပျဉ်းမနားမြို့ အောင်သိဒ္ဓိကျောင်းတိုက်၌ကျင်းပစဉ်။ (သတင်းစဉ်)

ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၌ ဝါဆို၊ ဝါကပ်တော်မူကြမည့် ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပဓာန နာယက ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ[(Ph.D)ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်] အမှူးရှိသော ဝန်ဆောင်ဆရာတော်များ၊ နိဂြောဓသာမဏေစီမံကိန်းမှ သာမဏေ ၁၀၀၊ စုစုပေါင်း အပါး ၁၁၀ ကျော်တို့အား န၀မအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်၊ ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါရိပ်သာ၌ ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုသဒ္ဒါပွားနိုင်ရန် ဖိတ်ကြားထားသည်။ ကုသိုလ်ပါဝင်လိုသူများသည် သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၃၀၀၀၊ ဆွမ်း သံဃာတော်တစ်ပါးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဖုန်း-၅၇၁၃၁၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဗုဒ္ဓအဘိဓမ္မာ အထူးသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၈

သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာမင်းတင်မွန်က ဗုဒ္ဓအဘိဓမ္မာ အထူးသင်တန်းကို ဇူလိုင် ၁၉ရက်မှ ၂၈ရက်အထိ ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးရှိ မြို့တော်စည်ပင်ဓမ္မာရုံ၌ နေ့စဉ် ညနေ ၆နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဒ္ဓမ္မပါလ ခနဲဖြူတိုက်သစ်ကျောင်း ဝိပဿနာ (၇)ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၈

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ခနဲဖြူတိုက်သစ်ကျောင်း၌ (၂၇)ကြိမ်မြောက် ဝိပဿနာ (၇)ရက်တရားစခန်းကို ဇူလိုင် ၂၃ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများ ဇူလိုင် ၂၂ရက် ညနေ ၆နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်းနှင့် ဇူလိုင် ၂၉ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် တပည့်ယောဂီ ဒါယကာ၊ ဒါယိကာမများ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၆၃)

ပန်းတစ်ပွင့်တောင် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၈

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့် ဝါဆိုသံဃာ၊ သာမဏေများအား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလပြည့် ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ပန်းတစ်ပွင့်တောင်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံ ကျပ် ၃၀၀၀ လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် ဆရာတော် ဖုန်း-၀၉၅၁၀၉၃၈၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အလှူရှင်များ နံနက် ၉နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်၌ ဆက်သွယ်ရေးအနိုင်ရရှိ

(ကက)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနအသင်းနှင့် ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၄နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းကစားကွင်း၌ ဆက်လက်ကျင်းပရာ (ကက) အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လေးဂိုး

ကျော်မောင်မောင်သွင် တစ်ဂိုး၊

ကိုကိုမောင် တစ်ဂိုး၊

သန်းဝင်း တစ်ဂိုး၊ စိုးသီဟ တစ်ဂိုး

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဂိုးမရှိ

ဒိုင်လူကြီး ဦးထွန်းရှင်(အဖွဲ့ချုပ်)

ယနေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ အားပေးကြည့်ရှုကြသည်။

ဇူလိုင် ၂၀ရက် ညနေ ၄နာရီ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ခခ)အုပ်စုမှစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (၁၀၇)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

ဒီကောင်ဘယ်သူတုံး ဇာတ်ကားဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၁၈

ယခုသောကြာပတ် ဇူလိုင် ၂၀ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားအသစ် ရုံတင်ခြင်းမရှိဘဲ မကြာသေးမီရက်အတွင်းက ရုံတင်ပြသခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကား "ဒီကောင်ဘယ်သူတုံး"ဇာတ်ကား ဆက်လက်ပြသသွားမည်ဖြစ်သည်။

ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှ ညီညီထွန်းလွင်၏ဝတ္ထုကို ဩရသ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာအဖြစ် ညီညီထွန်းလွင်ပင် ရိုက်ကူးသည့် **"ဒီကောင်ဘယ်သူတုံး"** ဇာတ်ကားမှာ လူ့ဘဝ၏ မတည်မြဲသည့်သဘောတရားကို အခြေခံကာ ဟာသရေစွက်ရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

သရုပ်ဆောင် နေတိုးမှာ မိဘမဲ့ အောင်ဖေအဖြစ် သရုပ်ဆောင်ထားပြီး အခြေအနေမဲ့ဖြစ်လိုက်၊ ကလိမ်ကျ၍ ချမ်းသာလိုက်ဖြင့် လောကဓံလှိုင်းကို ခံရင်း၊ နောက်ဆုံးပျော်ရွှင်ချမ်းမြေ့မှုနှင့် ဇာတ်သိမ်းရပုံအား ဟာသသရုပ်ဆောင်အင်အားပြည့်ဖြင့် ရိုက်ကူးထားရာ ဟာသကြိုက် ရုပ်ရှင်ကြည့်ပရိသတ်များ အကြိုက်တွေ့ကြမည့် ဇာတ်ကားဖြစ်သည်။

ရုံသုံးရုံပြသ

အဆိုပါ ဇာတ်ကားတွင် နေတိုး၊ အိန္ဒြာကျော်ဇင်၊ မော့စ်တို့နှင့်အတူ ဇာတ်ပို့ဇာတ်ရံများ ပါဝင် သရုပ်ဆောင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံတွင်ဆက်လက်ပြသမည် ဖြစ်သည်။

ဒီကောင်ဘယ်သူတုံး ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခန်းကို ရှုစားရစဉ်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် ပင့်ကူလူသား ဇာတ်လမ်းတွဲများထဲမှ ဇာတ်လမ်းတွဲ တစ်တွဲဖြစ်သည့် Spider Man 3 ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ပင်လယ်ဓားပြ ဇာတ်လမ်းဖြစ်သည့် Pirates of the Caribbean 3 (Cat World's End) ဇာတ်ကားပြသမည်ဖြစ်သည်။ (ကြေးမုံ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်စတင်ကျင်းပ

အမျိုးသားညီလာခံ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ၁၀၅၈ ဦးတက်ရောက်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဟူသည့် အမျိုးသားညီလာခံ ဦးတည်ချက်များဖြင့် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပသည်။

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ အမျိုးသားညီလာခံ ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိ

မြန်မာတစ်နိုင်ငံလုံးမှာရှိသည့် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်ကြီးများ

တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်နှင့် အမျိုးသားရေးတာဝန်အဖြစ် ဆွေးနွေးအကြံဉာဏ်များပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၈

ယနေ့ပြန်လည်စတင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများကို ယခုလို စုံစုံညီညီ ပြန်လည်တွေ့ဆုံရတဲ့အတွက်လည်း အထူးပင် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ယခု အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရာမှာ ယခင် အမျိုးသားညီလာခံမှာ ဖိတ်ကြားခဲ့တဲ့ ကိုယ်စားလှယ်များစာရင်းအတိုင်း ပြန်လည်ဖိတ်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ကြီးများအနေနဲ့ ညီလာခံရဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို အသိစိတ်နဲ့ယှဉ်ပြီး လိုက်နာဆောင်ရွက်ခဲ့ကြတဲ့အတွက် အမျိုးသားညီလာခံကြီးဟာ အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါတယ်။ ယခုကျင်းပတဲ့အမျိုးသားညီလာခံဟာ ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီးဖြစ်တဲ့အတိုင်း နောက်ဆုံးအကြိမ်ကျင်းပတဲ့ အမျိုးသားညီလာခံဖြစ်တာနဲ့အညီ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)